# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ် (၀၈၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။


၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယခုလအတွင်း ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ လာရောက်ဘုရားဖူးသူ နှစ်သိန်းကျော်ရှိ



ကျိုက်ထို ဒီဇင်ဘာ ၂၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်မှ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် နေ့စဉ်လာရောက်ဖူးမြော်နေကြပြီး ယခု (ဒီဇင်ဘာလ)တွင် လာရောက်ဖူးမြော်သူ ၂၂၈၉၂၉ ဦးရှိကြောင်း စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။

"သီတင်းကျွတ် လပြည့်နေ့ အောက်တိုဘာ ၁၇ ရက်ကနေ ဒီဇင်ဘာ ၂၄ ရက်အထိ ဘုရားဖူး ၄၉၉၁၄၅ ဦးရှိပြီး ပြည်တွင်းဘုရားဖူး ၄၉၇၂၃၀ နဲ့ ပြည်ပ

*စာမျက်နှာ ၄ ကော်လံ ၁* ❁

## ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၁၆၊ ၁၇ နှင့် ၁၈တို့တွင် ဖော်ပြပါရှိပါသည်။


**ယနေ့ ဖတ် စ ရာ**

၂၀၂၅ ခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

**မျိုးဆက်အလီလီ တာဝန်ကျေခဲ့ကြပါသည်** ဆောင်းပါး စာ ၆

**ကိုယ်စိတ်နှစ်ပါး ကျန်းမာစေဖို့ လမ်းလျှောက်ကြဦးစို့** ဆောင်းပါး စာ ၁၀

**ကျောက်ဆည်မြို့နယ်၌ ကီလိုမာလကာသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ** စီးပွားရေးသတင်း စာ ၁၄


## ဝါးနက်ဆင်စခန်းသို့ လာရောက်အပန်းဖြေသူ များပြားလာသောကြောင့် ရုံးပိတ်ရက်ရှည်ကာလအတွက် ကြိုတင်ပြင်ဆင်ထား

မန္တလေး ဒီဇင်ဘာ ၂၅

မန္တလေး - ပြင်ဦးလွင်ကားလမ်း ၁၆ မိုင်ဂိတ်မှ ၅ မိုင်အကွာတွင်ရှိသော ဝါးနက်ဆင်စခန်းသို့ လာရောက်အပန်းဖြေအနားယူသူ ပိုမိုများပြားလာပြီး လာမည့်ရုံးပိတ်ရက်ရှည် ကာလများအတွက် အေးချမ်းစွာ အပန်းဖြေအနားယူနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိသည့်အပြင် စခန်းရှိ ဆင်ရှစ်ကောင်ဖြင့် သရုပ်ပြဖျော်ဖြေပေးနေကြောင်း သိရသည်။

အဆိုပါ ဆင်စခန်း၌ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် တစ်နှစ်ပြည့်တော့မည့် ငြိမ်းချမ်းဦးအမည်ရှိ ဆင်ကလေးကို စိတ်ဝင်စားကြသဖြင့် ယခုနှစ်တွင်

*စာမျက်နှာ ၅ ကော်လံ ၁* ❍



**တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့ လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



အင်းလေးရှုခင်း ဓာတ်ပုံ - မျိုးမင်းထိုက်(ပြန်/ဆက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၁) ရပ်ကွက်ရှိ စိန့်မိုင်ကယ် ကက်သလစ် ဘုရားကျောင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ ကောင်စီဝင် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာ မှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်နှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ခရစ်ယာန် ဘုန်းတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင်များ၊ ဆရာများ၊ စစ္စတာများ၊ ကက်သလစ် လူငယ်အဖွဲ့များ၊ ခရစ်ယာန် ဘာသာဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အခမ်းအနားကို အဖွင့်မေတ္တာဖြင့် ဘုန်းတော်ကြီး စိုးလင်းအောင်က ဖွင့်လှစ်ပေးပြီး ခရစ်ယာန်ဘာသာဝင် လူငယ်များက ဓမ္မသီချင်းဖြင့် သီဆိုချီးမွမ်းကြကာ ဘုန်းတော်ကြီး ဦးကျော်ငြိမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ခရစ္စမတ် နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဆရာတော် ဦးအောင်ဇော်က အထူးဆုမွန်ကောင်းတောင်းစကား ပြောကြားသည်။

**ဂါရဝပြုလက်ဆောင် ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ဇနီးတို့က အခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ "တိတ်ဆိတ်ည သန့်ရှင်းညကျူး" ဓမ္မသီချင်းကို သီဆိုချီးမွမ်းကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးထံ ဘုန်းတော်ကြီး၊ သီလရှင်နှင့် ဆရာတော်တို့က ခရစ္စမတ်အမှတ်တရ ဂါရဝပြုလက်ဆောင်နှင့် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြရာ ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်သစ်သီးခြင်း ပြန်လည်ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များက ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရစ်ယာန်ဘာသာဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက ဘုန်းတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင်များ၊ ဆရာများနှင့် စစ္စတာများအား ခရစ္စမတ် လက်ဆောင်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြပြီး ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အထိမ်းအမှတ် မိတ်သဟာယ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။ **သတင်းစဉ်**

## ငဖဲမြို့နယ်၌ ဆောင်းသီးနှံများ စိုက်ပျိုးရာသီတွင် ကုလားပဲ စိုက်ကေပေါင်း ၃၇၇၈ ဧက စိုက်ပျိုးပြီးစီး

**ငဖဲ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံများ စိုက်ပျိုးရာသီတွင် ကုလားပဲ ၃၇၇၈ ဧကကို စိုက်ပျိုးထားရှိပြီး ဖြစ်ရာ ပဲစိုက်ခင်းများ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံအဖြစ် ကုလားပဲကို ၅၉၇၄ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ရာ ယနေ့အထိ ကုလားပဲမျိုးအဖြစ် ရေဆင်း(၄) ၁၄၁၉ ဧက၊ ရေဆင်း(၆) ၁၃၄၉ ဧကနှင့် ရေဆင်း (၁၂) ဧက ၁၀၁၀ စုစုပေါင်း ၃၇၇၈ ဧကအထိ စိုက်ပျိုးပြီးစီးခဲ့ပြီး ဒေသခံတောင်သူများ အနေဖြင့် မိုးစပါးများ ရိတ်သိမ်းခြွေလှေ့အပြီးတွင် လျာထားချက်ပြည့်မီရေး စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို ရွေးချယ် စိုက်ပျိုးကြကြောင်း၊ ငဖဲမြို့နယ်အနေဖြင့် ယမန်နှစ်က ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ကုလားပဲ ၅၃၁၅ ဧကကို စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းမွန်ခဲ့ကြောင်း သိရသည်။

ငဖဲမြို့နယ်၌ ကုလားပဲသီးနှံကို ပန်းထိန်းအုပ်စု၊ ဆင်ချည်တိုင်ကျေးရွာအုပ်စု၊ ဆူးပဒေါင်းကျေးရွာအုပ်စု၊ ပဒါန်းကျေးရွာအုပ်စု၊ စည်သာကျေးရွာအုပ်စုနှင့် မာန်အောင်ကျေးရွာအုပ်စုတို့တွင် အများဆုံးစိုက်ပျိုးကြကာ တစ်ဧကလျှင် မျိုးစေ့နှစ်တင်းနှုန်းခန့် စိုက်ပျိုးရကြောင်း၊ ယခင်နှစ်က တစ်ဧကကို ၁၀ တင်းမှ ၁၅ တင်းခန့်ထွက်ရှိပြီး တောင်သူများ သီးနှံဝင်ငွေ အမြတ်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ပဲစိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းလျက်ရှိရာ အထွက်နှုန်း ကောင်းမွန်ရန်၊ ဈေးကောင်းပိုမိုရရှိရန် တောင်သူများက မျှော်လင့်လျက်ရှိကြောင်းနှင့် မြို့နယ်မှ တာဝန်ရှိသူများကလည်း ကျေးရွာများသို့ ကွင်းဆင်း၍ တောင်သူအသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မယု(ငဖဲ)**



# (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ စာပြန်သံဃာများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် လာရောက်ဖူးမြော်ကြည်ညို

**ရန်ကုန် ဒီဇင်ဘာ ၂၅**

(၇၇) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝင်ရောက်ဖြေဆိုလျက်ရှိသည့် စာပြန်သံဃာတော် (၇၇)ပါးတို့အား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တာဝန်ကျ(ပထမအဖွဲ့ခွဲ) ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တဇောတိပါလ မြင်းခြံဆရာတော်ကြီး အမှူးပြုသော ပညာရေးအဖွဲ့ငယ်ဆရာတော် ငါးပါးတို့က ကြွရောက်ချီးမြှောက် အားပေးခဲ့ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းမှာ ၁၃၁၀ ပြည့်နှစ်တွင် သူဌေးကြီး ဆာဦးသွင်ကို ဥက္ကဋ္ဌတင်မြှောက်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ တိပိဋကဓရရွေးချယ်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းပြီး တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲဆိုင်ရာ လိုက်နာသင့်သည့် (စည်းမျဉ်းဥပဒေ)ကို ရေးသား၍ စာမေးပွဲကြီးကို (၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။



တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးသို့ ဝင်ရောက်ဖြေဆိုကြမည့် ရဟန်းသာမဏေများသည် အနည်းဆုံးပထမကြီး၊ ဝိနယဝိဒူ၊ သာမဏေကျော်(တတိယဆင့်) အောင်မြင်ပြီးသော ရဟန်း၊ သာမဏေများဖြစ်ရမည်ဖြစ်ပြီး သင်ရိုးပိဋကသုံးပုံပါဠိတော်ကျမ်းစာအုပ်များမှာ ဝိနယပိဋက ကျမ်းစာအုပ် ငါးအုပ်၊ စာမျက်နှာပေါင်း ၂၂၆၀၊ သုတ္တန္တပိဋက၊ ကျမ်းစာအုပ် သုံးအုပ် စာမျက်နှာပေါင်း ၇၇၉ မျက်နှာ၊ အဘိဓမ္မပိဋက ကျမ်းစာအုပ် ၁၂ အုပ်၊ စာမျက်နှာပေါင်း ၄၉၈၇ မျက်နှာ၊ စုစုပေါင်းကျမ်းစာအုပ် ၂၀၊ စာမျက်နှာပေါင်း ၈၀၂၆ မျက်နှာဖြစ်၍ အာဂုံပြန်ဆို အောင်မြင်ပါက "တိပိဋကဓရဘွဲ့"ကို ဆက်ကပ်ပြီး ယင်းကျမ်းစာအုပ် ၂၀ နှင့် အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိ စသောကျမ်းစာအုပ်များမှ အဓိပ္ပာယ်အရကောက်များကို သဘောရေးဖြေ အောင်မြင်တော်မူလျှင် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ဆက်ကပ်ကာ နိုင်ငံတော်က ကုန်း၊ ရေ၊ လေ အခမဲ့အထက်တန်းခရီးသွားလက်မှတ် (ရာသက်ပန်) တပည့်နှစ်ဦးအပါအဝင် လစဉ်ဆွမ်းဆန်တော်တို့ကို ဆက်ကပ်လှူဒါန်းသည်။

အာဂုံပြန်ဆိုချိန်မှာ တစ်ရက်လျှင် နံနက်ပိုင်း ၈ နာရီမှ ၁၀ နာရီအထိ လေးကြိမ်၊ မွန်းလွဲပိုင်း ၁ နာရီမှ ၄ နာရီအထိ ငါးကြိမ် စုစုပေါင်း ကိုးကြိမ်နှုန်းဖြင့် ၁၈ ရက်တိတိ ပြန်ဆိုရပြီး သဘောရေးဖြေစာမေးပွဲကို မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ငါးရက်ဖြေဆိုရကာ အာဂုံပြန်ဆိုရာတွင် အထစ်အငေါ့မရှိ ထူးကဲစွာ ပြန်ဆိုနိုင်လျှင် ဝိသိဋ္ဌဝိနယဓရ၊ ဝိသိဋ္ဌဒီဃဘာဏကနှင့် ဝိသိဋ္ဌအာဘိဓမ္မိကဘွဲ့၊ သဘောရေးဖြေတွင် သတ်မှတ်အောင်မှတ်နှင့် အထက်ရရှိပါက မဟာဝိနယကောဝိဒ၊ မဟာဒီဃနိကာယကောဝိဒနှင့်မဟာအဘိဓမ္မကောဝိဒဘွဲ့တို့ကို ဆက်ကပ်၍ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ကို ခံယူရရှိတော်မူပြီး အနည်းဆုံး ငါးနှစ်သက်တမ်းပြည့်မြောက်လျှင် "တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်သည်။

စာမေးပွဲကြီးစတင်ကျင်းပသည့် (၁၃၁၀ ပြည့်နှစ်) ၁၉၄၈ ခုနှစ်မှစ၍ ၂၀၂၄ ခုနှစ်အတွင်း တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည်အရှင်သူမြတ် ၁၆ ပါး ပေါ်ထွန်းခဲ့ပြီး တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ သာသနာ့အာဇာနည် အရှင်သူမြတ် ၁၆ ပါးတွင် သက်တော်ထင်ရှား ဆရာတော် ၁၁ ပါးရှိ၍ ငါးပါး ပျံလွန်တော်မူပြီးဖြစ်ကြောင်းနှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတွင် သက်တော်ထင်ရှား ဆရာတော် ငါးပါးရှိသည်။

ယနေ့တွင် အဘိဓမ္မာ(ဒုတိယပိုင်း) စာပြန်သံဃာတစ်ပါး၊ အဘိဓမ္မာ (ပထမပိုင်း) စာပြန်သံဃာတစ်ပါး၊ ဒီဃနိကာယ် စာပြန်သံဃာ ငါးပါး၊ ဝိနည်း (ဒုတိယပိုင်း) စာပြန်သံဃာ ၃၉ ပါး၊ ဝိနည်း (ပထမပိုင်း) စာပြန်သံဃာ ၃၁ ပါး စုစုပေါင်း ၇၇ ပါးတို့ အာဂုံပြန်ဆိုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၄၂)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ်အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသည့် (၄၂)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် (ပရိယတ္တိစာအောင်)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်ဧည့်ပရိသတ်များ တက်ရောက်ကြသည်။



ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက်၊ သာသနာ့မာရ်အောင်ဝဲပျံ စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။(ဝဲပုံ)

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် မော်လမြိုင် စာဖြေဌာနမှ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆို အောင်မြင်တော်မူခဲ့သော စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ ကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

**ဆွမ်းဆန်စိမ်းများ လောင်းလှူ**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များက ပင့်သံဃာဆရာတော်ကြီး ၁၀ ပါး၊ စာအောင်သံဃာတော် ၉၉၂ ပါး၊ စာအောင်သီလရှင် ၆၇ ပါး စုစုပေါင်း ၁၀၅၉ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

❁ *ရှေ့ဖုံးမှ*

ဘုရားဖူးက ၁၉၁၅ ဦး ရှိပါတယ်။ နိုင်ငံခြားသား ပြည်ပဘုရားဖူးတွေထဲမှာ ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်က အများဆုံးပါပဲ။ အခုလို စနေ၊ တနင်္ဂနွေနဲ့ အများပြည်သူ အလုပ်ပိတ်ရက်တွေမှာ အများဆုံး လာကြပါတယ်" ဟု ဂေါပကအဖွဲ့ တာဝန်ရှိသူက ပြောသည်။

ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ၊ အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လုံခြုံရေး၊ အခမဲ့တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တောင်တက်မော်တော်ယာဉ် အစီး ၁၅၀ ကို နေ့စဉ်ပြေးဆွဲပေးနေပြီး သတ်မှတ်လူဦးရေနှင့် ယာဉ်စီးနင်းခများကိုလည်း သတ်မှတ်နှုန်းထားဖြင့် အလွယ်တကူ လိုက်ပါစီးနင်းနိုင်ရန် စီမံထားကြောင်း သိရသည်။

ဘုရားဖူးပြည်သူများ စည်ကားများပြားသည့်အတွက် ကျိုက်ထီးရိုးတောင်တော်တစ်လျှောက် အထင်ကရနေရာများဖြစ်သည့် မုဆိုးတောင်တော်၊ ကျီးကန်းပါးစပ် လိုဏ်ဂူတော်၊ ကျောက်ထပ်ကြီး စေတီတော်၊ ရေတံခွန် စသည့် နေရာများ၊ ရင်ပြင်တော်ဈေးဆိုင်တန်းတစ်လျှောက်ရှိ ထမင်းဆိုင်များ၊ အမှတ်တရ အရောင်းဆိုင်များ၌ ဘုရားဖူးများဖြင့် စည်ကားနေသည့်အပြင် အခမဲ့နှင့် အခပေး တည်းခိုဆောင်များ၊ ရင်ပြင်တော်၌လည်း တည်းခိုနေထိုင်သူများပြားလျက်ရှိကြောင်း တွေ့ရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ **မိုး/ဇလ**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

**မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ ကြီးကြပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက Video Message ပေးပို့၍ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများအသင်းကို ၂၀၂၀ ပြည့်နှစ် ဇွန် ၁ ရက်မှ စတင်တည်ထောင်ခဲ့ရာ ယခုဆိုလျှင် သက်တမ်း (၄)နှစ်ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီအနေဖြင့်လည်း လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့်စပ်လျဉ်းပြီး ဥပဒေဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အသင်းသားများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အရည်အချင်းများ တိုးတက်စေရေး ဆောင်ရွက်ကြရန်နှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတာဝန်များကို ကျွမ်းကျင်မှုဖြင့် ထိရောက်စွာ ထမ်းဆောင်နိုင်ကြသူများအဖြစ် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသဘာပတိအသင်း၏ ဥက္ကဋ္ဌ ဦးမိုးကျော်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး အသင်းတာဝန်ရှိသူများက အသင်း၏ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ ပြင်ပစာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြ အတည်ပြုခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်များ အသစ်ခန့်အပ်ခြင်း၊ ပြင်ပစာရင်းစစ်ခန့်အပ်ခြင်းနှင့် အခကြေးငွေသတ်မှတ်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး အစည်းအဝေးသဘာပတိ ဦးမိုးကျော်က နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။




အဆိုပါ အခမ်းအနားသို့ အသင်း၏ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းဝင်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ *ရွှေဖုံးမှ*

လာရောက် လည်ပတ်ကြသည့် ဧည့်သည်ဦးရေ ပိုမိုများပြားလာသည်ဟု ဝါးနက်ဆင်စခန်း တာဝန်ခံက ပြောသည်။

**ဆင်တွေရဲ့သဘာဝကို လေ့လာနိုင်**

"ကျွန်တော်တို့ ဆင်စခန်းမှာ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ရှည်များနဲ့ အခါကြီးနေ့ကြီးတွေမှာဆိုရင် လာရောက်လည်ပတ်သူက ပုံမှန်ရက်ထက် ပိုများတယ်။ ဒီနှစ်မှာ ငြိမ်းချမ်းဦးဆိုတဲ့ ဆင်ကလေးကို စိတ်ဝင်စားသူများလို့ ဧည့်သည်ဝင်ရောက်မှု ပိုများတယ်။ ဆင်စခန်းရောက်တဲ့အခါ မြို့ပြနဲ့ ကွာခြားမှုအပြင် သစ်ပင်၊ ဝါးပင်တွေနဲ့ တောတောင်ရဲ့ အရသာကိုခံစားပြီး အနားယူ အပန်းဖြေရင်း ဆင်တွေရဲ့ သဘာဝကို လေ့လာနိုင်မယ်" ဟု ၎င်းက ပြောသည်။

ဝါးနက် ဆင်စခန်းတွင် အပန်းဖြေခြင်းနှင့် ဆင်များကို စိတ်ဝင်စား၍ လာရောက်သူများမှာ နေ့စဉ် ၃၀ မှ ၆၀ ကျော်ရှိပြီး ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်နှင့် လပြည့်နေ့များတွင် ၁၀၀ ကျော် လာရောက် လည်ပတ်ကြကြောင်း၊ လာရောက်လည်ပတ်သူများအတွက် မိသားစုနားနေရန် အဆောင်သုံးဆောင်၊ လူဦးရေ ၂၀ ကျော်နားနေရန် အဆောင်နှစ်ခုအပြင် အရိပ်ကောင်းသည့် နေရာများ၌ နှစ်ယောက်တွဲ သုံးယောက်တွဲထိုင်နိုင်သည့် ခုံတန်းလျားများ ပြင်ဆင်ထားရှိကြောင်း သိရသည်။

**ဆင်ဘူဖေးကျွေးနိုင်**

"ဒီလတွေက၊ ရုံးပိတ်ရက်ရှည်နဲ့ကျောင်းပိတ်ရက်ရှည်တွေများတဲ့အပြင် ခရီးသွားရာသီလည်းဖြစ်တော့ စခန်းသန့်ရှင်းသာယာလှပရေးနဲ့ လာတဲ့သူတွေ စိတ်ချမ်းမြေ့စွာ အပန်းဖြေနိုင်ဖို့ အဓိကဆောင်ရွက်ထားပြီး ပန်းအလှပင်တွေ စိုက်ပျိုးထားပါတယ်။ လာတဲ့သူတွေက ဆင်ချစ်တဲ့မိသားစုနဲ့ သူငယ်ချင်းတွေစုပြီး လာသူတွေများတယ်။ ဆင်တွေကို အစာကျွေးလို့ရသလို ဆင်ဘူဖေးကျွေးနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်စခန်းဝင်ကြေးမှာ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၊ နိုင်ငံခြားဧည့်သည်ဖြစ်ပါက တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ဆင်စီးနိုင်မည့် ဝန်ဆောင်မှုတွင် ၁၅ မိနစ်ကျော်ကြာသည့် ခရီးတိုအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၊ မိနစ် ၃၀ ကျော်ကြာသော တောတောင်နှင့် ချောင်းကိုဖြတ်၍ ဆင်စီး ခရီးရှည်အတွက် ငွေကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

ဝါးနက်ဆင်စခန်း၌ ဆင်အကြီး ရှစ်ကောင်က သရုပ်ပြဖျော်ဖြေရာတွင် ဘောလုံးကန်ခြင်း၊ ဆင်နှစ်ကောင်တွဲ၍ လမ်းလျှောက်ခြင်း၊ သံစုံဘာဂျာမှုတ်ပြခြင်း၊ ပုသိမ်ထီးဆောင်း၍ သရုပ်ပြခြင်း စသည်တို့အပြင် ဆင်တို့၏ သဘာဝနှင့် အလေ့အကျင့်များ၊ ဆင်များ၏ ကျန်းမာရေးနှင့် ပြုစုစောင့်ရှောက်ခြင်း စသည့် ဗဟုသုတများကို ရှင်းပြပေးကြောင်းနှင့် ဆင်ဘူဖေးသီးနှံအစုံကျွေးမွေးလိုပါက ငွေကျပ် ၁၀၀၀၀၀ နှင့် စပါးကျွေးလိုပါက ငွေကျပ် ၅၀၀၀၀ ဖြင့် ကိုယ်တိုင်ကျွေးနိုင်ပြီး ဆင်စခန်းမှလည်း အလှူရှင်ကိုယ်စား ကျွေးမွေးပေးလျက်ရှိရာ ဖုန်းနံပါတ် ၀၉-၇၈၆၅၀၂၁၉၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## ၂၀၂၄ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး MSME ကို အားပေး" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဒီဇင်ဘာလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ K.M.A ၊ သန့်လွင်ထွန်း (MPA) တို့၏ "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး MSME ကို အားပေး" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီမော်သိမ်း၊ နေသူရိန်၊ မြသိန်း၊ ဒေါက်တာ လွင်သန့်၊ စန်းနီလာဝင်း၊ ကိုမောင်မြင့် (Love of Wisdom) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အေးထွန်းမင်း၊ ဝင်းထွဋ်ဦး၊ ကိုကိုအောင် (အလုပ်သမား)တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ စောနိုင် (အသုံးချဘောဂဗေဒ) တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ ရဲထက်ဇော်၊ လွဲလွဲဝင်း (သတ္တဗေဒ) တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ရန်ကုန်ဌေးဇော်၏ မူးယစ်ဆေးဝါးဆိုင်ရာ ဆောင်းပါး၊ နေ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါး၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး (ပန်းတောင်း)၊ ခိုင်ဇော် (ဒဿန)၊ ညီညီဖေ၊ ထက်ဝေအောင် (စစ်ကိုင်း)၊ ဆောင်းဝင်းလတ်၊ နွေကံ့ကော် (မြို့လှ)၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ်၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် စာအုပ်ဆိုင်၊ ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

၂၀၂၅ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# မျိုးဆက်အလီလီ တာဝန်ကျေခဲ့ကြပါသည်

**ဇာနည်ဘွား**

၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီ။ အင်္ဂလိပ်စစ်သေနာပတိချုပ် ဂျင်နရယ်ပရင်ဒါဂတ်က တပ်များချီတက်ရန် အမိန့်ထုတ်ပြန်ပြီးနောက် အင်္ဂလိပ်စစ်သင်္ဘောများ မန္တလေးမြို့ ဂေါဝိန်ဆိပ်သို့ ဆိုက်ရောက်လာကြသည်။ တစ်မြို့လုံး တိတ်ဆိတ် ငြိမ်သက်လျက် ရှိပေသည်။

နန်းတော်အတွင်းရှိ မည်သူ တစ်ဦးတစ်ယောက်မျှ လာရောက်အဆက်အသွယ်ပြုခြင်း မရှိသဖြင့် ကာနယ်စလေဒင်တို့လူစု ရှေ့ဆောင်လမ်းပြ၍ ခေါ်ဆောင်သွားသော အင်္ဂလိပ်တပ်များသည် မြို့ရိုး၏ တောင်ဘက်တံခါးဝသို့ ညနေ ၃ နာရီတွင် ရောက်ရှိသွားကြသည်။ ထိုတံခါးမှ အတားအဆီး အခုအခံမရှိဘဲ ဝင်ရောက်သွားပြီးနောက် နန်းတော် သစ်တပ်အရှေ့ဘက်တံခါးဆီသို့ ဆက်လက်ချီတက်သွား ကြ၏။ ထိုသစ်တပ် အရှေ့ဘက်တံခါးဝတွင် မိနစ် အနည်းငယ်မျှ အပန်းဖြေကြပြီးနောက် ကင်းဝန် မင်းကြီးကို စောင့်ဆိုင်းနေကြသည်။

ဤသို့စောင့်ဆိုင်းနေကြစဉ် ခပ်ဝေးဝေးမှ ကင်းဝန်မင်းကြီး ဆင်စီး၍ အမြန်လာရောက်နေသည်ကိုတွေ့ကြရ၏။ ထို့နောက် ကင်းဝန်မင်းကြီးက ကာနယ်စလေဒင်တစ်ဦးတည်း သူနှင့်အတူ နန်းတော်ထဲသို့ ဝင်ရောက်လိုက်ပါစေလိုကြောင်း၊ အတူပါလာသော အင်္ဂလိပ်တပ်များအား မည်သည့်အကြောင်းနှင့်မျှ သစ်တပ်အတွင်းသို့ ဝင်ရောက်ခွင့်မပြုကြောင်း ပြောကြားလေသည်။

သို့ဖြင့် ကာနယ်စလေဒင်သည် ရှေးဦးစွာ ကင်းဝန်မင်းကြီးနှင့်အတူ လွှတ်တော်ရုံးသို့ ရောက်ရှိသွား၏။ ထို့နောက် ကာနယ်စလေဒင်သည် ကင်းဝန်မင်းကြီးနှင့် မှူးမတ်များလိုက်ပါလျက် သီပေါမင်းရှိရာ ရွှေနန်းတော်ဆောင်သို့ ဝင်ရောက်၍ တွေ့ဆုံပြီး အိန္ဒိယဘုရင်ခံချုပ်အမိန့်အရ အရှင်နှစ်ပါးကို ကောင်းစွာစောင့်ရှောက်ဆောင်ယူခဲ့ရန် လာရောက်ခြင်းဖြစ်ကြောင်း လျှောက်ထားလေသည်။

သီပေါမင်းက "ယခုချက်ချင်း မိမိကိုရပ်ဝေးသို့ ရုတ်တရက်ခေါ်ဆောင်သွားမည့်အစား နန်းတော်တွင်းမှာပင် တစ်ရက် နှစ်ရက်မျှ စံမြန်းနေလိုကြောင်း၊ ဤအတွင်း မိမိသည် နန်းတော်မှဆင်း၍ တောင်ဥယျာဉ်တော်ရှိ နွေရာသီစံနန်းသို့ ပြောင်းရွှေ့စံနေတော်မူရန် ဆန္ဒရှိကြောင်း" ကာနယ်စလေဒင်အား မိန့်ကြားခဲ့သည်။

ကာနယ်စလေဒင်က ဤအခွင့်ကိစ္စအတွက် မိမိသည် စစ်သေနာပတိချုပ် ဂျင်နရယ် ပရင်ဒါဂတ်ထံ အကြောင်းကြားပေးမည်ဖြစ်ကြောင်း၊ သို့ရာတွင် မနက်ဖြန်ကျလျှင် ဘုရင်မင်းမြတ်သည် စစ်သေနာပတိချုပ်ထံ မိမိကိုယ်ကိုပေးအပ်ရန် လိုအပ်ကြောင်း ပြန်လည်လျှောက်ထားပြီး နန်းတော်မှ ပြန်လည်ထွက်ခွာကာ ပရင်ဒါဂတ်ထံ သတင်းပို့လေသည်။ ထိုအတောအတွင်း သီပေါမင်းသည် နန်းတော် တောင်ဥယျာဉ်ရှိ နွေရာသီစံအိမ်တော်တွင် စံမြန်းနေရာ ဟမ်ရှိုင်းယားတပ်မဟာမှ တပ်သားများက အထပ်ထပ်စောင့်ကြပ်ထားသည်။



အင်္ဂလိပ်-မြန်မာ စစ်အတွင်းက ထင်ရှားခဲ့သည့် မင်းလှခံတပ်အတွင်းပိုင်းအား တွေ့ရစဉ်။

နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် အင်္ဂလိပ်တပ်များသည် ဂေါဝိန်ဆိပ်မှစတင် ချီတက်သွားကြရာ မွန်းလွဲပိုင်းတွင် နန်းတော်သို့ရောက်ရှိကြသည်။ ဂျင်နရယ်ပရင်ဒါဂတ်သည် အရေးပါသော ဝန်ကြီးလေးပါးကိုခေါ်ယူပြီးလျှင် ကာနယ်စလေဒင်တို့နှင့်အတူ သီပေါမင်းကိုသွားရောက်တွေ့ဆုံပြီးနောက် သီပေါမင်းနှင့်မိဖုရားအား ယခုပင်သင်္ဘောဖြင့် ခေါ်ဆောင်သွားတော့မည်ဖြစ်ကြောင်း ပြောကြားလေသည်။ ဘုရင်နှင့် မိဖုရားတို့က ရက်ရွှေ့ဆိုင်းနိုင်လျှင် ရက်ရွှေ့ပေးရန် မေတ္တာရပ်ခံခဲ့ကြသော်လည်း ပရင်ဒါဂတ်က မဖြစ်နိုင်ကြောင်း၊ ယခုချက်ချင်း လိုက်ပါရန် ပြင်ဆင်မှုပြုတော်မူပါဟု ပြောကြားပြီး နန်းတော်မှ စတင်ထွက်ခွာရန် တပ်များကို အစီအစဉ် ပြုလုပ်လေတော့သည်။

ညနေ ၃ နာရီခွဲအချိန်တွင် အင်္ဂလိပ်တပ်များသည် မင်းမိဖုရားနှစ်ပါးကို ခေါ်ဆောင်၍ နွေရာသီစံအိမ်မှ စတင်ထွက်ခွာခဲ့ကြလေသည်။ မြို့တော်ပြလမ်းမကြီး နံဘေးတစ်လျှောက်တွင်လည်းကောင်း၊ လမ်းဆုံလမ်းမများတွင်လည်းကောင်း မြို့သူမြို့သားများသည် ကြိတ်ကြိတ်တိုးလျက် ငိုကြွေးကြရင်းကပင်လျှင် အရှင်နှစ်ပါးအား နောက်ဆုံးဖူးမြော်ခြင်းဖြင့် ဖူးမြော်နှုတ်ဆက်ကြလေသည်။ ညနေ ၆ နာရီ ၁၅ မိနစ်အချိန်တွင် ဂေါဝိန်ဆိပ်သို့ ရောက်ရှိပြီး ဘုရင်နှင့်တကွ မိဖုရားအခြွေအရံများကို **"သူရိယ"** သင်္ဘောပေါ်သို့ ပို့ဆောင်ထားလိုက်၏။ ထိုနေ့ကား မြန်မာတို့မမေ့နိုင်သော မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ ဖြစ်လေသည်။

ထို့နောက် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အထက်မြန်မာနိုင်ငံနှင့်တကွ သီပေါမင်းပိုင်ဆိုင်အုပ်စိုးခဲ့ကြသော နယ်မြေတို့ကို အင်္ဂလိပ်ဧကရီဘုရင်မကြီးပိုင် နယ်မြေတစ်ခုအဖြစ် သိမ်းယူကြောင်း အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင်က လက်မှတ်ရေးထိုး ကြေညာချက်ထုတ်ပြန်လိုက်လေသည်။

ဤသို့အားဖြင့် နှစ်ပေါင်းများစွာ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခမ်းနားထည်ဝါစွာ ရပ်တည်ခဲ့သော မြန်မာတို့သည် သီပေါမင်းအဖမ်းခံရသော တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့မှစ၍ အင်္ဂလိပ်တို့လက်အောက် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ကြရလေသည်။

မြန်မာတို့ စစ်ရှုံးရသော အကြောင်းအချက်များစွာရှိသည့်အနက် နိုင်ငံရေးညီညွတ်မှုမရှိခြင်း၊ လက်နက်ချင်းကွာခြားခြင်း၊ လေ့ကျင့်မှုမတူညီခြင်းတို့ကြောင့် ဖြစ်သည်။ အင်္ဂလိပ်တို့နှင့်ဖြစ်ပွားခဲ့သော စစ်ပွဲသုံးပွဲစလုံးတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသော မြန်မာတပ်မှူး၊ တပ်သားတို့၏ သူရသတ္တိနှင့် ဇွဲဝီရိယတို့ညံ့ခဲ့ကြ၍မဟုတ်ဟု သမိုင်းပညာရှင်များက ဆိုခဲ့ကြသည်။

ပထမစစ်ပွဲ (၁၈၂၄-၁၈၂၆)တွင် ဦးစီးခဲ့သော စစ်သူကြီးမဟာဗန္ဓုလနှင့် ဝက်ထီးကန်တိုက်ပွဲတွင် အင်္ဂလိပ်တို့ကို တပ်လုံးပြုတ်လုနီးပါးချေမှုန်းခဲ့သော ဗိုလ်ချုပ်မဟာနေမျိုးတို့၏ စစ်စွမ်းရည်နှင့် သူရသတ္တိကို အင်္ဂလိပ်တို့ကပင် စံနမူနာတင်ကြရ၏။ ဒုတိယစစ်ပွဲ (၁၈၅၂-၁၈၅၄)တွင်လည်း ရွှေတိဂုံကုန်းခံတပ်ကိုဦးစီးသော မြို့ဝန်သတိုးမင်းကြီးမဟာ မင်းလှမင်းခေါင်၊ ပဲခူးစစ်နယ်ဝှန်းတွင် ဦးစီးသော တောင်တွင်းကြီးမြို့စား မင်းရဲမင်းခေါင်ကျော်၊ ပြည်မြို့စစ်နယ်ဝှန်းကိုဦးစီးခဲ့သော ဗိုလ်မှူးဝန်ကြီးသတိုးသုဓမ္မမဟာမင်းခေါင် စသောတပ်မှူးကြီးများသည် ဖွဲသတ္တိကြီးမားစွာဖြင့် တိုက်ခိုက်ခဲ့ကြသည်။

တတိယစစ်ပွဲ (၁၈၈၅-၁၈၈၆)၌ မင်းလှခံတပ်မှနေ၍ သဲသဲမဲမဲခုခံ တိုက်ခိုက်ခဲ့သော ဗိုလ်ချုပ်မဟာသမိန်ဗရမ်းနှင့် တပ်မှူးတို့၏ ဇာတိမာန်စိတ်ဓာတ်နှင့် သူရသတ္တိမှာလည်း ရန်သူတို့ကပင် လေးစားချီးကျူးခြင်းခံခဲ့ရ၏။

မင်းလှခံတပ်တိုက်ပွဲနှင့်ပတ်သက်၍ အင်္ဂလိပ်သတင်းစာဆရာ၊ သမိုင်းဆရာတစ်ဦးဖြစ်သူ ဂရက်တန်ဂျယ်ရီက **"မည်သို့ပင်ဖြစ်စေ၊ မြစ်အနောက်ဘက်ကမ်း မင်းလှခံတပ်မှ မြန်မာတပ်များသည် အားတက်သရော တိုက်ခိုက်သွားပေသည်။ အဂတိတရားမလိုက်စားဘဲ အမှန်အတိုင်း ပြောရလျှင် မြန်မာတို့ကို သူရဲဘောကြောင်သောသူများဟု အညွန့်ချိုး နှိမ်ချခြင်းမပြုသင့်ပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ရဲရဲရင့်ရင့်ဇွဲနဘဲကြီးစွာ အားသွန်တိုက်ခိုက်ခဲ့သောကြောင့်ဖြစ်သည်"** ဟု ဝေဖန်ရေးသားခဲ့သည်။

သမိုင်းဆရာတစ်ဦးဖြစ်သူ ဒေါက်တာဒီ၊ ဒီဆင်ဟာ ကလည်း **"အရှုံးပေးအညံ့ခံရသည်ထက် အမျိုးသားဇာတိမာန်စိတ်ဖြင့် တိုက်ခိုက်ရင်း သေသွားသည်ကမှ ကောင်းသေး၏ဟု ယူဆကာ တိုက်ခိုက်သွားကြလေသည်"**ဟု ရေးသားခဲ့လေသည်။

ထို့အတူ နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက် သူ့ကျွန်ဘဝသို့ မြန်မာနိုင်ငံ ကျရောက်ချိန်တွင်လည်း **"သိဃ်တန်ဆောင်၊ ဘုန်းတော်မှောင်၍၊ ကုန်းဘောင်နေမီး၊ မထိန်ညီးက၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုညာ၊ သုဉ်းသုံးဝဖြင့်၊ ဖြစ်လာရလေ၊ တို့တတွေသည်၊ သေသော်မှတည့်၊ သြော်-ကောင်း၏"**ဟူသော ဆီဘန်းနီဆရာတော်၏ **"တဖန်မှတ်စေ"** ချီရတုကဲ့သို့ မြန်မာ့ထီးနန်း ကျိုးပျက်ခြင်းကိုမခံနိုင်သော မျိုးချစ်ပုဂ္ဂိုလ်များသည် နယ်ချဲ့လက်အောက် သူ့ကျွန်ဘဝတွင် အသက်ရှင်နေရခြင်းထက် အမျိုးဘာသာသာသနာအတွက်၊ လွတ်လပ်ရေးအတွက် တိုက်ရင်းသေရသည်ကကောင်းသေး၏ ဟူသော ဇာတိမာန်ဖြင့် စစ်နိုင်သောအင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြပြန်လေသည်။

ထိုသို့ ဖွဲသတ္တိကြီးမားစွာ တွန်းလှန်တိုက်ခိုက်ခဲ့ကြသော မြင်းစိုင်းမင်းသား၊ လင်းပင်မင်းသား၊ ရွှေဂျိုးဖြူ မင်းသား၊ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၊ မင်းကြီးရွှေလရောင်ဘွဲ့ခံ ဦးမင်းရောင်၊ ဗိုလ်ချို၊ ဗိုလ်ရာညွန့်၊ ဗိုလ်ရွှဲစသော အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသား မျိုးချစ်အင်အားစုများကို အင်္ဂလိပ်တို့သည် ရှစ်နှစ်ကြာမျှ နှိမ်နင်းခဲ့ကြရလေသည်။

*စာမျက်နှာ ၇ သို့*

❐ **မြန်မာတို့စစ်ရှုံးရသော အကြောင်းအချက်များစွာရှိသည့်အနက် နိုင်ငံရေးညီညွတ်မှုမရှိခြင်း၊ လက်နက်ချင်း ကွာခြားခြင်း၊ လေ့ကျင့်မှုမတူညီခြင်းတို့ကြောင့် ဖြစ်သည်။ အင်္ဂလိပ်တို့နှင့်ဖြစ်ပွားခဲ့သော စစ်ပွဲသုံးပွဲစလုံးတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသောမြန်မာတပ်မှူး၊ တပ်သားတို့၏ သူရသတ္တိနှင့် ဇွဲဝီရိယတို့ညံ့ခဲ့ကြ၍မဟုတ်ဟု သမိုင်းပညာရှင်များက ဆို**

❐ **(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် တို့ကိုယ်ကျိုးလုံးလုံးမပါ၊ နောင်လာနောက်သား ကောင်းစားဖို့ရာ ဟူသည့် မွန်မြတ်သည့်စိတ်ထားဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ပြီး တာဝန်ကျေပွန်ခဲ့ကြသည့် အတိတ်ကမျိုးဆက်များနည်းတူ မျိုးဆက်သစ်များအနေဖြင့်လည်း ကိုယ်စီကိုယ်စီ တာဝန်ကျေပွန်ကြရပါမည်**

# မကွေးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား အခမဲ့ဆေးကုသ

**မကွေး ဒီဇင်ဘာ ၂၅**

မကွေးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) များအား ကျန်းမာရေး စောင့်ရှောက်မှုများကို လက်လှမ်းမီရရှိစေရေးနှင့် စိုက်ထုတ်ကုန်ကျရသော ဆေးကုသမှုစရိတ် လျော့နည်း ကျဆင်းစေရေးအတွက် ကျန်းမာရေး စောင့်ရှောက်မှုအဖြစ် အခမဲ့ဆေးကုသပေးခြင်းနှင့် တစ်ဦးလျှင် ဆန်သုံးပြည်၊ ဆီတစ်ပိဿာ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ဒီဇင်ဘာ ၂၃ ရက်က တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးသည်။

မကွေး တိုင်းဒေသကြီးအတွင်း နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် (အငြိမ်းစား)များ အခမဲ့ဆေးကုသခြင်း အစီအစဉ်ကို လစဉ် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အခမဲ့ ဆေးကုသမှုကို အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် မျက်စိအထူးကု ဆရာဝန်ကြီး၊ အထွေထွေရောဂါကု ဆရာဝန်ကြီးများမှ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများအပြင် ဆက်လက်ကုသရန် လိုအပ်သော လူနာများကိုလည်း တိုင်းပြည်သူ့ဆေးရုံကြီးသို့လွှဲပြောင်းကာဆေးကုသမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား အခမဲ့ ဆေးကုသပေးခြင်းကို မကွေးမြို့နယ်အပြင်



တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံးတွင် လစဉ်ပင်စင်ထုတ်ရက်များအတွင်း ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် အခြေခံ စားသောက်ကုန်များကိုလည်း ဆက်လက်ပြီး ပိုမိုထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

## နေပြည်တော်မြို့နယ်၌ ပင်စင်စားများအား ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရေဝတီတိုင်းဒေသကြီး နေပြည်တော်မြို့နယ် အမှတ်(၈)ရပ်ကွက် မင်းပိုင်းဓမ္မာရုံ၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကြက်ဥများပေးအပ်ခြင်းကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

နေပြည်တော်မြို့နယ်အတွင်း ပင်စင်စား နိုင်ငံ့ဝန်ထမ်း ၂၃၇၃ ဦးရှိရာ ဒီဇင်ဘာ ၂၃ ရက်က နိုင်ငံ့ဝန်ထမ်းပင်စင်စား ၃၆၀ အား ကြက်ဥ ၁၀ လုံးနှုန်းဖြင့် ချီးမြှင့်ပေးအပ်ပြီး ပင်စင်စားဦးရေ ၃၆၀ အား ကျန်းမာရေး အခမဲ့ စစ်ဆေးပေးခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

တစ်ဖန် သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် မြန်မာတို့၏ နောက်ဆုံးဘုရင် သီပေါမင်းပါတော်မူပြီးနောက် သူ့ကျွန်ဘဝတွင် မြန်မာတို့အလေးအမြတ်ကိုးကွယ်ဆည်းကပ်ရာ ဗုဒ္ဓမြတ်စွာသာသနာတော်မှာလည်း မှေးမှိန်လာခဲ့သည်။ လူသူစည်ကားရာ မြို့ကြီးပြကြီးတွင် မိုခိုသီတင်းသုံးတော်မူကြသော ရဟန်းသံဃာတော်များပင် ဆွမ်း၊ ကွမ်းပါးရှားလာရာ စစ်ကိုင်းတောင်ရိုးပျော် ရဟန်းသံဃာတော်များကား ဆိုဖွယ်ရာပင်မရှိအောင် ပို၍ခက်ခဲလာခဲ့ကြသည်။

သို့နှင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ရှေးရှုသောအားဖြင့် မန္တလေးမြို့ခံ၊ မြို့မိ မြို့ဖများနှင့် ပြည်သူများသည် ဘုရင်မရှိလို့ သာသနာပျက်ရလေခြင်းအဖြစ်မျိုး မဖြစ်ရလေအောင် သာသနာတော် ဆက်လက်ရှင်သန်ပြန့်ပွားနိုင်ရေးအတွက် ဘုရင်ပါတော်မူပြီး ၁၁ နှစ်အကြာ ၁၂၅၈ ခုနှစ်တွင် မလွန်ဆန်လှူအသင်းကြီးကို လည်းကောင်း၊ ပါတော်မူပြီး ၁၃နှစ်အကြာ ၁၂၆၀ ပြည့်နှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီးကို လည်းကောင်း ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

လမင်း၏အလယ်တွင် ယုန်မင်းတံဆိပ်ခတ်နှိပ်ထားသော မလွန်ဆန်လှူအသင်းကြီးသည် စစ်ကိုင်းတောင်ရိုး၌တရားရှာမှီးနေကြသော ရဟန်းသံဃာတော်၊ သီလရှင်နှင့် သူတော်စင်များအား မြန်မာဗုဒ္ဓဘာသာဝင် ရှင်ဘုရင်အဆက်ဆက်က ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းသည့်နည်းတူ ဆွမ်းဆန်တော်များကို ဆက်လက်ထောက်ပံ့လှူဒါန်းခဲ့ကြပါသည်။

ထို့အတူ ပရိယတ္တိသာသနဟိတအသင်းကြီးကလည်း သီပေါမင်းပါတော်မူပြီးနောက် သူ့ကျွန်ဘဝတွင် မြို့ပျက်မတတ်ဖြစ်ပြီး သံဃာတော်များလည်း လျော့နည်းကာ သာသနာမှေးမှိန်သထက်မှေးမှိန်လာသည့်အတွက် ကျောင်းတိုက်ကြီးများမှ ကျန်ရှိရစ်ခဲ့သည့် စာချဆရာတော်ကြီးများ၏ စာရင်းကိုလိုက်ယူကာ လစဉ်ဆွမ်းဆန်တော်များနှင့်အတူ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်များပါလှူဒါန်းခဲ့ကြသည်။ ထို့ပြင် စာတော်ပြန်ပွဲ မကျင်းပနိုင်ခဲ့သည်မှာ ၁၈ နှစ်ခန့်ရှိလာသဖြင့် ၁၂၆၅ ခုနှစ်တွင် ပရိယတ္တိသာသနဟိတအသင်းကြီးက စာပြန်ပွဲကို စတင်ကျင်းပပေးခဲ့သည်။ စာပြန်ပွဲများကို သကျသီဟ ဘုရားကြီးဝင်းအတွင်းရှိ ဦးသာညွှန်း၏ ကိုးခန်းအုတ်ဇရပ်ကြီးတွင်ကျင်းပခဲ့ရာမှ ပရိယတ္တိ စာမေးပွဲများကို ရဟန်းလောကက **"သကျသီဟစာမေးပွဲ"**ဟု ခေါ်ဝေါ်ခဲ့ကြသည်။



**ဂျီစီဘီအေအသင်းကြီး၏ ခေါင်းဆောင်ကြီးများဖြစ်ကြသည့် ဂျီစီဘီအေ ဦးစိုးသိမ်း၊ မြန်မာအမျိုးသား ခေါင်းဆောင်ကြီး ဦးချစ်လှိုင်၊ ဂျီစီဘီအေ အတွင်းရေးမှူး (သာယာဝတီဦးပု)။**

မလွန်ဆန်လှူအသင်းကြီးနှင့် ပရိယတ္တိသာသနဟိတအသင်းကြီးကို မြို့လူထုနှင့်တကွ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်ပြည်သူအပေါင်းက ဝိုင်းဝန်းလှူဒါန်းခဲ့ကြရာမှ ယခုဆိုလျှင် နှစ်ပေါင်း ၁၀၀ ကျော် သမနိုရှည်ကာ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ထိထိရောက်ရောက် အကျိုးပြုလျက်ရှိသည်။ တိပိဋကရေမင်းကွန်းဆရာတော်ကြီးကလည်း မလွန်ဆန်လှူအသင်းကြီးကို သာသနာ၏ မိခင်အသင်း၊ ပရိယတ္တိ သာသနဟိတအသင်းကြီးကို သာသနာ၏ ဖခင်အသင်းအဖြစ် အသိအမှတ်ပြု သတ်မှတ်တော်မူခဲ့ပါသည်။

ထို့အတူ မြန်မာတို့သည် အမျိုးဘာသာသာသနာအကျိုးအတွက် ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးကို ၁၉၀၆ ခုနှစ် မေလ ၁၀ ရက်နေ့တွင် စတင် တည်ထောင်ခဲ့ပြန်ပါသည်။ ဝိုင်အမ်ဘီအေကဲ့သို့မြန်မာအသင်းအပင်းများ မပေါ်ပေါက်သေးချိန်က တိုင်းသူပြည်သားများသည် နယ်ချဲ့ဗြိတိသျှတို့၏ အုပ်ချုပ်ခံသက်သက်ပင်ဖြစ်ခဲ့သည်။ ဝိုင်အမ်ဘီအေပေါ်ပေါက်လာသောအခါ **"အမျိုးဘာသာ သာသနာ ပညာ"** ဆိုသည့် ခေါင်းစဉ်အောက်မှ တိုင်းရေးပြည်မှုများကို ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး ဗြိတိသျှ အစိုးရထံ တင်ပြတောင်းဆိုခဲ့ကြသည်။

သာသနာ့မြေနှင့် ဘုရားပုထိုးစေတီရင်ပြင်များတွင် နိုင်ငံခြားသားများ ဖိနပ်စီးသွားလာနေကြသည့်အတွက် ဖိနပ်ပြဿနာပေါ်ပေါက်လာသော အခါတွင်လည်း ဝိုင်အမ်ဘီအေအသင်းကြီးကပင် တိုင်းပြည်ကိုယ်စား ဗြိတိသျှအစိုးရကို အရေးဆိုခဲ့ပါသည်။

တစ်ဖန် အိန္ဒိယကို အုပ်ချုပ်ရေးအဆင့်အတန်းတိုးပေးရန် ဗြိတိသျှအစိုးရကစီစဉ်သည့်အခါတွင်လည်း မြန်မာပြည်ကို အလားတူ တိုးမြှင့်ပေးရန် ဝိုင်အမ်ဘီအေက ဦးစု၊ ဦးဖေ၊ ဦးဘဘော၊ ဦးမေအောင်တို့လေးဦးကို အိန္ဒိယသို့ကိုယ်စားလှယ်လွှတ်ကာ အရေးဆိုခဲ့သည်။ သို့ရာတွင် ဗြိတိသျှအစိုးရက မြန်မာပြည်ကိုအုပ်ချုပ်ရေးတိုးမပေးဘဲ ချန်လှပ်ခဲ့သဖြင့် ၁၉၁၉ ခုနှစ်တွင် ဦးဘဘော၊ ဦးပု၊ ဦးထွန်းရှိန် "ဘော-ပု-ရှိန်" ကိုယ်စားလှယ်ကြီး သုံးဦးကို ဝိုင်အမ်ဘီအေကပင် အင်္ဂလန်သို့စေလွှတ်ကာ ထပ်မံအရေးဆိုစေခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် ဝိုင်အမ်ဘီအေမှ ဂျီစီဘီအေအဖြစ် တိုးချဲ့ဖွဲ့စည်းကာ ဟုမ္မရူး (Home Rule) ခေါ် ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုခဲ့ပြန်သည်။ ထိုမှအစပြု၍ မြန်မာပြည်သူများ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အရေးကိစ္စများတွင် နိုးနိုးကြားကြား ပါဝင်လာခဲ့ကြ၍ ဝိုင်အမ်ဘီအေအသင်းကြီးကို **"မြန်မာနိုင်ငံရေးအစ ဝိုင်အမ်ဘီအေက"၊ "လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေက"၊ "ဝံသာနုရက္ခိတအစ ဝိုင်အမ်ဘီအေ"**က စသည်ဖြင့် ဆိုစမှတ်ပြုခဲ့ကြလေသည်။

ဝိုင်အမ်ဘီအေ၊ ဂျီစီဘီအေမှသည် ၁၉၃၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံးပေါ်ပေါက်လာသည်။ မြန်မာလူမျိုးများသည် ကျွန်လူမျိုးမဟုတ်၊ ကိုယ့်မင်းကိုယ်ချင်း သခင်ဘဝဖြင့် နှစ်ပေါင်းများစွာ ရပ်တည်လာခဲ့သော လူမျိုးဖြစ်၍ **"သခင်မျိုးဟေ့-တို့ဗမာ"** ဟူသည့် ကြွေးကြော်သံနှင့်အတူ နာမည်ရှေ့တွင် သခင်ဘွဲ့ခံခဲ့ကြလေသည်။ ထို့အတူ -

**"ဗမာပြည်သည် - တို့ပြည်**
**ဗမာစာသည် - တို့စာ**
**ဗမာစကားသည် - တို့စကား**
**တို့ပြည်ကို - ချစ်ပါ**
**တို့စာကို - ချီးမြှင့်ပါ**
**တို့စကားကို - လေးစားပါ"**

ဟူ၍ တပ်လှန့် ကြွေးကြော်ခဲ့ကြသည်။ တို့ဗမာအစည်းအရုံးကို သခင်ဘသောင်းက စတင်တည်ထောင်ခဲ့သည်။

ထို့နောက် တို့ဗမာအစည်းအရုံးမှသည် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ရဲဘော် သုံးကျိပ်နှင့်အတူ ဗမာ့လွတ်မြောက်ရေးတပ်မတော်(BIA)၊ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ပေါ်ပေါက်လာကာ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးများကို ဆက်တိုက်ဆင်နွှဲခဲ့ပြီး စစ်ပြီးခေတ်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်၏ဦးဆောင်မှုဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် နယ်ချဲ့ဗြိတိသျှ၏ အထက်မြန်မာနိုင်ငံကို နှစ်ပေါင်း ၆၀ ကျော်၊ အောက်မြန်မာပြည်ကို နှစ်ပေါင်း ၁၀၀ ကျော်အုပ်ချုပ်ခဲ့သည့် သူ့ကျွန်ဘဝမှလွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ပေသည်။

ယခုလာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယဖြစ်သည်။ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် တို့ကိုယ်ကျိုးလုံးလုံးမပါ၊ နောင်လာနောက်သား ကောင်းစားဖို့ရာဟူသည့် မွန်မြတ်သည့် စိတ်ထားဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာပေးဆပ်ပြီး တာဝန်ကျေပွန်ခဲ့ကြသည့် အတိတ်က မျိုးဆက်များနည်းတူ မျိုးဆက်သစ်များအနေဖြင့်လည်း ကိုယ်စီကိုယ်စီ တာဝန်ကျေပွန်ကြရပါမည်။

မျက်မှောက်ကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့သည် နိုင်ငံငယ်များအပေါ် ၎င်းတို့ဩဇာလွှမ်းမိုးနိုင်ရေးအတွက် နောက်ကွယ်မှကြိုးကိုင်ကာ အချင်းချင်းအကြား သွေးခွဲ၍ အိမ်ကြက်ချင်း အိုးမဲသုတ်ခွပ်ခိုင်းလျက်ရှိပေသည်။

သို့ဖြင့် အတိတ်က စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရာမှ သီပေါမင်းပါတော်မူပြီး အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်အပေါ် သမိုင်းသင်ခန်းစာရယူပြီး ကမ္ဘာတည်သရွေ့ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲရေးအတွက် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးမှာ လက်ရှိမျိုးဆက်များနှင့် အနာဂတ်မျိုးဆက်သစ်များ၏ သမိုင်းပေးတာဝန်တစ်ရပ်သာဖြစ်ပေသည်။ ။

**ကိုးကား - နတ်မောက်ဘုန်းကျော်၏ "အင်္ဂလိပ်-မြန်မာ စစ်သမိုင်း"**

# တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဖြည့်ဆည်း

ပဲခူး ဒီဇင်ဘာ ၂၅

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့ အမှတ်(၂၀)ရပ်ကွက်၌ ၁၉၆၉ ခုနှစ်ကတည်းက ဒေသကြက်သားပေါက်မွေးမြူရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ဦးစောအယ်ဒိုဧ၏ ဒေင်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသကြက်အား တစ်ပိုင်တစ်နိုင် မွေးမြူခြင်းစနစ်မှ စီးပွားဖြစ်ခြံလှောင်မွေးမြူရေးစနစ်သို့ ပြောင်းလဲဆောင်ရွက်နေသဖြင့် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ဈေးနှုန်းချိုသာစွာ ဒေသကြက်စာထုတ်လုပ်နိုင်ရေး၊ လိုအပ်သောကုန်ကြမ်းပစ္စည်းများ လွယ်ကူစွာရရှိနိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးရန်နှင့် မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသည့် စံပြဒေသကြက်မွေးမြူရေးခြံများတွင် စီးပွားဖြစ်မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဒေသကြက်သားပေါက်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ငူ) သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ဆရာမကြီးက အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)၏ သမိုင်းကြောင်းနှင့် သင်ကြားရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသားကျောင်းသူများ၏ ဘာသာရပ်အလိုက် လက်တွေ့သင်ခန်းစာပြုလုပ်ထားသည့် သင်ကြားရေးအထောက်အကူပြုပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား တောင်ငူမြို့နယ် ဇီးပင်သာကျေးရွာအုပ်စုရှိ ပဲစိုက်ခင်းများ၌ အစိုးရစက်မှုလက်မှုသိပ္ပံ(တောင်ငူ)၏ စက်မှုအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများက သင်ကြားခဲ့သည့် ဘာသာရပ်များကို ကိုးကား၍ Portable Agricultural Wheel Sprayer "ဘီးလည်အားအသုံးပြုပြီး လွယ်ကူရိုးရှင်းသော ပဲဆေးဖျန်းစက်" တီထွင်ထားရှိမှုနှင့် လက်တွေ့အသုံးချနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ဆေးဖျန်းစက်သည် စက်သုံးဆီမလိုအပ်ဘဲ ပုံမှန်ပုံးဖြင့်ဆေးဖျန်းခြင်းထက် (၆)ဆခန့် ပိုမိုမြန်ဆန်လျက်ရှိရာ ဒေသခံတောင်သူများ အကြိုက်တွေ့လျက်ရှိပြီး ဘက်ပေါင်းစုံမှ ပြီးပြည့်စုံကောင်းမွန်စေရေးအတွက် နည်းပညာနှင့် ပံ့ပိုးရန်လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျောက်တံခါး - ဖဒို - မြို့ချောင်းလမ်းဘေးဝဲယာတစ်လျှောက် ပဲတီစိမ်းစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ၌ သီးထပ်စွမ်းအင်တိုးတက်စေရေးအတွက် အစိုးရအဖွဲ့အစီအစဉ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀၀ နွေစပါးနှစ်သီးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး "မျိုး၊မြေ၊ရေ၊နည်း" လမ်း(၄)သွယ် ကောင်းမွန်ရမည်ကို လက်တွေ့သိမြင်ရခံစားရပြီးဖြစ်၍ မြေကြီးမှရွှေသီးနိုင်ရေး ကြိုးစားစိုက်ပျိုးကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် လက်ခုပ်ကွင်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသကြက်၊ ဥစားဘဲနှင့် ဒေသဆိတ်များ စီးပွားဖြစ်မွေးမြူနိုင်ရေး မွေးမြူရေးခြံများ တည်ဆောက်နေမှုနှင့် ကျိုက်စကောအရှေ့ကျေးရွာ၌ ဦးမောင်ကြည်၏ ဒေသကြက်ကောင်ရေ ၄၅၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအားကစားအဖွဲ့အား ကြိုဆိုဂုဏ်ပြု

**စစ်တွေ ဒီဇင်ဘာ ၂၅**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအားကစားအဖွဲ့အား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ဒီဇင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရန် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှ အလားအလာကောင်းမွန်သော လူငယ်အားကစား မျိုးဆက်သစ်များ ပေါ်ထွန်းလာပြီး နိုင်ငံ့လက်ရွေးစင်အသင်းတွင် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မှ ဆုရကစားသမားများအပြင် ဆုမရရှိသော်လည်း စံချိန်ကောင်းသော ကစားသမားများလည်း လူငယ်လက်ရွေးစင်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ နောင်လာမည့် ပြိုင်ပွဲများအတွက် စဉ်ဆက်မပြတ် လေ့ကျင့်မှုများ ပြုလုပ်သွားကြရန် ပြောကြားသည်။




ဆက်လက်၍ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်နိုင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ်ကိုယ်စားပြုအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည် မှတ်တမ်းဗီဒီယိုကို ပြသခဲ့သည်။

ထို့နောက်ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ဝဲပုံ)**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်သို့ ရခိုင်ပြည်နယ်မှ အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမား စုစုပေါင်း ၃၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ငါးခု၊ ငွေ ၁၁ ခု၊ ကြေး ၁၆ ခုနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အဆင့် (၁၂) ရရှိခဲ့ကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## "သံစဉ်ဝေဖြာ မနောအလှကဗျာ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ မကြာမီရောက်ရှိတော့မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့တို့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နာမည်ရ တိုင်းရင်းသားတေးသံရှင်များက ပွဲစဉ် ခုနစ်ပွဲဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်အထိ အပတ်စဉ် သောကြာနေ့ညတိုင်း ဖျော်ဖြေတင်ဆက်မည်ဖြစ်၍ ပထမပွဲစဉ်ဖြစ်သည့် "သံစဉ်ဝေဖြာ မနောအလှကဗျာ" တေးဂီတဖျော်ဖြေပွဲကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ကချင်တိုင်းရင်းသား၊ တိုင်းရင်းသူတေးသံရှင်များဖြစ်ကြသည့် ဆာမူလေ၊ လောဒ်အောင်၊ ဘောမ်ယိန်း၊ ဆိုင်းဆာ၊ ယုံးယုံးနှင့် ဘောမ်ဖုံးထန့်တို့က ကချင်ပြည်နယ်၏ သာယာလှပမှု၊ ကချင်လူမျိုးတို့၏ ရိုးရာဓလေ့နှင့် ဖြူစင်ရိုးသားမှု၊ ရင်းနှီးခင်မင်မှုနှင့် ချစ်ခြင်းမေတ္တာ ကြီးမားမှု တေးသီချင်းကောင်းများကို ကချင်၊ ဗမာနှစ်ဘာသာဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဒီဇင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ ပို့စကတ်ထုတ်ဝေ













ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော (၇၇) နှစ်မြောက် လွတ်လပ်ရေး အထိမ်းအမှတ်အဖြစ် ပို့စကတ်(၄)မျိုးအား စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါ ပို့စကတ် ၄ မျိုးအား "မာရဝိဇယ တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲ၊ ကျောက်ဆည်မြို့ ရိုးရာ ဆင်အကပြိုင်ပွဲ၊ ထမနဲထိုးပြိုင်ပွဲ၊ မလှိုင်မြို့ရှိ ထီးလုပ်ငန်း" ဓာတ်ပုံများဖြင့် ထုတ်ဝေခဲ့ပြီး ပို့စကတ်တစ်ခုလျှင် ၅၅၀ ကျပ်နှုန်းဖြင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၅

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်

ဘားအံ ဒီဇင်ဘာ ၂၅

**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များသည် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် ဝန်ကြီးများနှင့်အတူ ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် ဘားအံမြို့ ရဲသာရွာသစ်ရှိ မိတ်သဟာရ အသင်းတော်၌ ခရစ်တော်မွေးနေ့(ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။**

ဦးစွာ မိတ်သဟာရအသင်းတော် အကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောမြတ်ထွဋ်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယေရှုခရစ်တော်မွေးဖွားခြင်းကို အထိမ်းအမှတ်ပြုသည့်နေ့အဖြစ် ခရစ္စမတ်နေ့ကို ကျင်းပကြခြင်းဖြစ်ပြီး ခရစ္စမတ်ကာလသည် လူအများကို ပြုံးပျော်စေသည့်၊ ပျော်ရွှင်ချမ်းမြေ့စေသည့် ကာလတစ်ခုဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်သူပြည်နယ်သားအားလုံး လွတ်လပ်ပျော်ရွှင်စွာသွားလာနေထိုင်လုပ်ကိုင်နိုင်ရန်နှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသော်လည်း ငြိမ်းချမ်းရေးမရှိသည့်နေရာများတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသည့်အတွက် လွန်စွာမှပင်စိတ်မကောင်းဖြစ်ရကြောင်း၊ ငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့များဖွဲ့စည်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်နယ်ငြိမ်းချမ်းရေးအတွက် ဆရာတော်ကြီးများမှလည်း ဆုတောင်းမေတ္တာများ ပို့သပေးစေလိုကြောင်း၊ ခရစ္စမတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ခရစ်ယာန်ဘာသာဝင်များနှင့် ပြည်နယ်သူ ပြည်နယ်သားများအားလုံး ခရစ္စမတ်အခါသမယတွင် ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ သာယာဝပြောခြင်းများနှင့် ပြီးပြည့်စုံစေရန် ခရစ္စမတ်ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိတ်သဟာရအသင်းတော်ဥက္ကဋ္ဌထံ ခရစ္စမတ်လက်ဆောင်၊ ဆန်၊ ဆီနှင့် အလှူငွေများပေးအပ်လှူဒါန်းပြီး အသင်းတော်မှ ခရစ္စမတ်လက်ဆောင်များ ပြန်လည်ပေးအပ်ချီးမြှင့်ကာ သင်းအုပ်ဆရာတော်ကြီးက ခရစ္စမတ်ဆုတောင်းမေတ္တာများ ပို့သပေးခဲ့သည်။



အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ပေါ်ရှိ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) ဘားအံသာသနာပိုင်နယ် ရှင်ပေတရုက သီဒြယ်ဘုရားရှိခိုးကျောင်း၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် ပြည်ထောင်စု/သာယာကုန်းနှစ်ခြင်းအသင်းတော်၊ ကွယ်ကဘောကရင် နှစ်ခြင်းအသင်းတော်၊ GARUNA AG အသင်းတော်များသို့သွားရောက်ပြီး ခရစ်တော်မွေးနေ့တွင် ဂုဏ်တော် (ကျေးဇူးတော်)ကို ချီးမွမ်းသောအားဖြင့် သင်းအုပ်ဆရာ၊ ဂိုဏ်းအုပ်ဆရာတော်၊ နယ်စီးသာသနာပိုင်ကြီး၊ လက်ထောက်သင်းအုပ်ဆရာ၊ Father၊ သင်းထောက်၊ အသင်းလူကြီး၊ အမျိုးသမီးခေါင်းဆောင်များအား ခရစ်ယာန်အသင်းတော် (ဘုရားရှိခိုးကျောင်း)များအလိုက် သီးခြားစီဂါရဝပြုတွေ့ဆုံ၍ ခရစ္စမတ်လက်ဆောင်၊ ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ သင်းအုပ်ဆရာ၊ ဂိုဏ်းအုပ်ဆရာတော်နှင့် နယ်စီးသာသနာပိုင်ကြီးတို့ကလည်း ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ခရစ္စမတ်အထိမ်းအမှတ်လက်ဆောင်များ ပြန်လည်ပေးအပ်ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပညာရေးကဏ္ဍ ထူးချွန်အောင်မြင်မှုများဖြင့် တိုင်းဒေသကြီး၏ ဂုဏ်ကို မြှင့်တင်နိုင်အောင် ပိုမိုကြိုးပမ်း

**ထားဝယ် ဒီဇင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့် အခြေခံပညာအထက်တန်းဆင့် Grade-12 သင်ကြားသင်ယူမှု ထိရောက်ရေးအရည်အသွေးမြှင့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဆရာဟူသည် ထာဝရကျောင်းသားကြီး ဖြစ်သည်နှင့်အညီ မိမိကိုယ်ကို ပြန်လည်သုံးသပ်၍ အသစ်အသစ်သော ပညာရပ်များကိုလည်း အစဉ်အမြဲလေ့လာဆည်းပူးနေရမည် ဖြစ်ကြောင်း၊ တပည့်များ၏ သင်ကြားသင်ယူမှုဖြစ်စဉ်တွင် ကိုယ်ပိုင်စိတ်ကူးအယူအဆများ ထုတ်ယူတတ်ရန်၊ အပြန်အလှန်ဆွေးနွေးနိုင်စေရန် ဆရာ ဆရာမများက လမ်းပြကူညီပေးရမည်ဖြစ်ကြောင်း၊ ယခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် တိုင်းဒေသကြီး အောင်ချက်ရာခိုင်နှုန်းကို ယခင်နှစ်ထက် ပိုမိုတိုးတက်အောင် ပညာရေးဝန်ထမ်းအားလုံးက ကြိုးပမ်းပေးကြရန်နှင့် ပညာရေးကဏ္ဍ ထူးချွန်အောင်မြင်မှုများဖြင့် တိုင်းဒေသကြီး၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်အောင် ပိုမိုကြိုးပမ်းပေးကြရန် လိုအပ်ကြောင်း မှာကြားသည်။



ထို့နောက်ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးက သင်ကြားသင်ယူမှု ထိရောက်ရေးနှင့် ပတ်သက်၍ ပို့ချမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဦးဝင်းနောင်က ကျေးဇူးတင်စကား ပြောကြားသည်။

တိုင်းဒေသကြီးအဆင့် အခြေခံပညာအထက်တန်းဆင့် (Grade-12 ) သင်ကြားသင်ယူမှုထိရောက်ရေးအရည်အသွေးမြှင့် ဆွေးနွေးပွဲတွင် ထားဝယ်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်မှ နည်းပြများက သင်တန်းသား ဆရာ ဆရာမ စုစုပေါင်း ၆၄၇ ဦးအား ဒီဇင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချဆွေးနွေးမည်ဖြစ်ပြီး ဆွေးနွေးပွဲနှင့်အတူ (Grade – 9) နှင့် (Grade-5) သင်ကြားသင်ယူမှု ထိရောက်ရေး အရည်အသွေးမြှင့် ဆွေးနွေးပွဲကိုလည်း ခရိုင်လေးခုရှိ မြို့နယ်အားလုံးတွင် သင်တန်းသား ဆရာ ဆရာမ စုစုပေါင်း ၁၃၀၃ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကိုယ်စိတ်နှစ်ပါး ကျန်းမာစေဖို့ လမ်းလျှောက်ကြဦးစို့

ခင်သန်းမြင့်

**နံနက်မိုးသောက် အလင်းရောက်တော့မည်။ ဒီဇင်ဘာလဆန်းပေမယ့် ရန်ကုန်ရဲ့ ဟေမန္တဆောင်းရာသီဟာ ဆောင်းမပီ၊ ဆောင်းမမည်သေးချေ။ နေလို့ထိုင်လို့ကောင်းရုံမျှသာရှိသေးသည်။ သို့သော် ဒီဇင်ဘာနံနက်ခင်း၏ လေပြည်လေညှင်းသည် သန့်ရှင်းလတ်ဆတ်အေးမြနေသည်။ တစ်ညတာအိပ်စက်အနားယူပြီးနောက် လောကဓာတ်တစ်ခွင်သည် အသစ်ပြန်လည်နိုးထ ရှင်သန်လာသည်။ သစ်ပင်ပန်းမန်များကလည်း စိမ်းစိမ်းစိုစိုဖြင့် အသစ်၊ လူတွေကလည်း ခွန်သစ်အားသစ်ဖြင့် စိတ်သစ်လူသစ်၊ အိပ်မှုန်ထ နိုးကာစပတ်ဝန်းကျင်ကလည်း နေ့သစ်။**

နေ့သစ်မှာ ခွန်သစ်အားသစ်ဖြင့် လမ်းလျှောက်ဖို့ ကျွန်မ အိမ်ကထွက်လာသည်။ အဖော်မပါ၊ တစ်ကိုယ်တည်းပေမယ့် မကြာမီ နံနက်ခင်းတိုင်း လမ်းလျှောက်ဖော် လမ်းလျှောက်ဖက်အပေါင်းအသင်းများနှင့်ဆုံတွေ့ကြရပါဦးမည်။ ကျွန်မတို့နှင့် သက်တူရွယ်တူ ငါးဆယ်ကျော်များပါဝင်သလို ကိုယ့်ထက်ငယ်ရွယ်သူ သုံးဆယ်ကျော်၊ လေးဆယ်ကျော်များ၊ ကိုယ့်ထက်အသက်အရွယ်ကြီးသူ အချို့လည်း ပါကြသည်။

အချို့က ကိုယ်လက်လှုပ်ရှားအားကစားကို ငယ်စဉ်ကတည်းက ဝါသနာပါကြသည်။ အချို့မှာမူ အသက်အရွယ်အရ သွေးတိုး၊ ဆီးချိုရောဂါဆိုးတို့က ခန္ဓာကိုယ်အတွင်း သွေးတိုးစမ်းသလို ဝင်ရောက်လာမှခြေမကိုင်မိ လက်မကိုင်မိဖြင့် ကိုယ်လက်လှုပ်ရှားအားကစားဘက်သို့ သတိရလာပြီး နံနက်တိုင်းလမ်းထလျှောက်လာကြခြင်းဖြစ်သည်။

ဘယ်သို့ဆိုစေ၊ ကိုယ်လက်လှုပ်ရှားအားကစား၏ အကျိုး တရားကို အားကစားလိုက်စားသူတိုင်း ရရှိခံစားကြရပါသည်။ သွေးတိုးရောဂါစတင်ဝင်ရောက်လာ၍ နေ့စဉ်သွေးကျဆေး မှန်မှန်မှီဝဲနေရသော အစ်မတစ်ဦးကတော့ ပုံမှန်လမ်းလျှောက်သက် ရင့်လာသည်နှင့်အမျှ သွေးပေါင်ချိန်ပုံမှန်နီးပါးဖြစ်လာသည်ဟုဆိုသည်။ ဆီးချိုရောဂါဖြစ်စညီမတစ်ဦးမှာ လည်း နံနက်တိုင်းလမ်းလျှောက်ရင်း ပုံမှန်ဆေးဝါးမှီဝဲနေမှုမှ လွတ်ကင်းစပြုလာပြီဟု ဆိုသည်။ မတန်တဆ ဆေးဖိုးဝါးခ ဝဋ်ဒုက္ခမှ လွတ်ကင်းပြီဆိုတော့လည်း ဝမ်းသာရပါသည်။

**❖ ကိုယ်စိတ်နှစ်ပါး ကျန်းမာကြံ့ခိုင်ရေးအတွက် နေ့စဉ်ပုံမှန် ကိုယ်လက်လှုပ်ရှားအားကစားအပြင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတဖို့လည်း အထူးလိုအပ်ပါသည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအဖို့မူ ကျန်းမာခြင်း၊ အသက်ရှည်ခြင်း၊ ခွန်အားဗလနှင့် ပြည့်စုံခြင်း၊ ချမ်းသာခြင်း၊ အခြွေအရံများခြင်း စသည့်ကောင်းကျိုးမင်္ဂလာအဖြာဖြာသည် ကံ၊ ကံ၏ အကျိုးဖြစ်သည်ဟု ယုံကြည်ကြသည်**

"သဘာဝမှရသော ကျန်းမာသုခ" စာအုပ်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကယ်လီဖိုးနီးယားတက္ကသိုလ်၏ လေ့လာတွေ့ရှိချက်အရ လမ်းလျှောက်နေသည့်အချိန်၌ ခန္ဓာကိုယ်အတွင်း အင်ဒိုဖင်း (Endorphins) ဟုခေါ်သည့် ဟော်မုန်းဓာတ် တစ်မျိုးထွက်လာပြီး ၎င်းဓာတ်၏ အာနိသင်ကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွစေသည်ဟု ဆိုသည်။ စိတ်ကျဝေဒနာရှင်များအဖို့လည်း မနက်ခင်းလမ်းလျှောက်ခြင်းက ဆေးပေးသည်ထက် ပိုပြီးထိရောက်မှုရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုပါသည်။

နံနက်ခင်း ပုံမှန်လမ်းလျှောက်ပေးခြင်းဖြင့် ဦးနှောက်နှင့်အာရုံကြောများ အားကောင်းစေသည်၊ စိတ်ဖိစီးမှုများ လျော့ကျစေသည်၊ စိတ်ရွှင်လန်းတက်ကြွစေသည်၊ ဉာဏ်ရည်ဉာဏ်သွေးကို ထက်မြက်စေသည်၊ အသက်ကြီးသူများတွင် ဖြစ်လေ့ဖြစ်ထရှိသည့် သတိမေ့ရောဂါ(Dementia) နှင့် အယ်ဇိုင်းမားရောဂါ (Alzheimer's disease) ကိုလည်း ကာကွယ်ပေးနိုင်သည်ဟုဆိုသည်။ ထို့ပြင် တစ်ကိုယ်လုံးမှာရှိသည့် အာရုံကြောများနိုးကြားတက်ကြွစေသည့်အတွက် လေးလံထိုင်းမှိုင်းမှုများ မဖြစ်အောင် ကာကွယ်ပေးသည်။ လူကိုသွက်လက်



မုံရွာမြို့၌ ဒီဇင်ဘာလတတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ဌာနဆိုင်ရာများနှင့် ပြည်သူ ၄၀၀၀ ကျော် ပါဝင်ဆင်နွှဲ။ ခရိုင်(ပြန်/ဆက်)

ဖျတ်လတ်စေသည်။ အလုပ်များသူတို့အတွက်လည်း အလုပ်၏ဖိစီးမှုကြောင့် ကိုယ်စိတ်ပင်ပန်းနွမ်းနယ်မှုများကို သက်သာစေပြီး စိတ်ဓာတ်ခွန်အားများ၊ အကြံကောင်းဉာဏ်ကောင်းများ ရရှိစေသည်ဟုလည်း ဆိုပါသည်။

ယခင်ရွှေကျင်သာသနာပိုင် သက်တော်ရှည်စစ်ကိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီးသည်လည်း ပုံမှန်လမ်းလျှောက်တော်မူလေ့ရှိကြောင်း သိရပါသည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင် **"ကိုယ်လက်လှုပ်ရှားခြင်းက ကျန်းမာရေးအတွက် အလွန်အရေးပါတဲ့ လေ့ကျင့်မှုတစ်ရပ်ပဲ။ လမ်းလျှောက်ခြင်းဟာ ကမ္မဋ္ဌာန်းထိုင်တဲ့ ပုဂ္ဂိုလ်များ၊ ထိုင်ပြီးအလုပ်လုပ်ရတဲ့ ပုဂ္ဂိုလ်များအတွက် အလွန်အရေးကြီးတယ်။ လမ်းမလျှောက်လို့ဖြစ်ကို မဖြစ်ဘူး။ ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်မှာ စင်္ကြံသွားခြင်းရဲ့ အကျိုးငါးပါး ဟောထားတာရှိတယ်။ ခရီးသွားနိုင်ကြံ့ခိုင်အားအင် ကင်းစင်ရောဂါ အစာကြေညက်မပျက်(သမာဓိ) ငါးပါးရှိ မှတ်သိစကြံ အကျိုးတည်းတဲ့။ ငါကတော့ အင်္ဂလန်မှာနေတုန်း ဘယ်လောက်အေးအေး၊ လမ်းလျှောက်တော့ထွက်တာပဲ။ မိုးသိပ်များလို့မထွက်နိုင်ရင် အခန်းတွင်းမှာ လေ့ကျင့်ခန်းလုပ်တယ်။ ခြေဖျားကိုထိအောင် ကွေးညွှတ်ရတဲ့ လေ့ကျင့်ခန်းမျိုးတွေ မပျက်မကွက်လုပ်လေ့ရှိတယ်။ ဒါကြောင့် နှာစေးချောင်းဆိုးမှတစ်ပါး အခြားသော ဘာရောဂါဖြစ်တယ်လို့ သိပ်ကြီးမရှိပါဘူး"** ဟု မိန့်ကြားတော်မူခဲ့ဖူးပါသည်။

ခုဒ္ဒကနိကာယ်၊ ဓမ္မပဒ-ပါ၊ ဂါထာ-၂၀၄ တွင် "အာရောဂျ ပရမာ လာဘာ"၊ လာဘ-လာဘ်တကာလာဘ်တို့တွင်၊ အာရောဂျပရာမာ- အနာကင်းမှုကသာလွန်သည်ဟု မှတ်သားဖူးပါသည်။ အနာကင်းခြင်း၊ ကျန်းမာခြင်းက လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ ဆေးရုံ၊ ဆေးခန်းများတွင် မကျန်းမာသူများကို မြင်ရ၊ တွေ့ရ၊ ကိုယ်တိုင်မကျန်းမာမှုနှင့် ကြုံတွေ့ကြရလေမှ ကျန်းမာခြင်း၏ တန်ဖိုးကို ပို၍သိမြင်သဘောပေါက်လာကြပါလိမ့်မည်။

ကိုယ်စိတ်နှစ်ပါး ကျန်းမာကြံ့ခိုင်ရေးအတွက် နေ့စဉ်ပုံမှန် ကိုယ်လက်လှုပ်ရှားအားကစားအပြင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတဖို့လည်း အထူးလိုအပ်ပါသည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအဖို့မူ ကျန်းမာခြင်း၊ အသက်ရှည်ခြင်း၊ ခွန်အားဗလနှင့် ပြည့်စုံခြင်း၊ ချမ်းသာခြင်း၊ အခြွေအရံများခြင်း စသည့်ကောင်းကျိုးမင်္ဂလာအဖြာဖြာသည် ကံ၊ ကံ၏ အကျိုးဖြစ်သည်ဟု ယုံကြည်ကြသည်။ မြတ်စွာဘုရားရှင်ကလည်း "အာယုံ-အသက်ရှည်ခြင်းကို၊ ပတ္ထယန္တေန - လိုလားတောင့်တတဲ့ ပုဂ္ဂိုလ်ဟာ၊ ပုညကြိယာသု- ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းတို့၌၊ အပ္ပမာဒံ – မမေ့လျော့ခြင်းဆိုတဲ့ အပ္ပမာဒံတရားကို၊ ပသံသန္တိ – ချီးမွမ်းကြတယ်"ဟူ၍ဟောကြားတော်မူခဲ့ပါသည်။ အသက်ရှည်ဖို့ရာအတွက် ကုသိုလ်ကောင်းမှုကို မမေ့ရန်နှင့် ကုသိုလ်ကောင်းမှုကို အမြဲကြိုးစားအားထုတ်ရန် ဖြစ်ပါသည်။

ပါမောက္ခချုပ် ဆရာတော်ကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသကလည်း **"ကုသိုလ်ကောင်းမှုရှိလာပြီဆိုရင် အသက်ရှည်ရာရှည်ကြောင်း နေရာဌာနမှာလည်း နေထိုင်ခွင့်ရတယ်။ ကုသိုလ်ကံက ပေးတာကိုး။ အသက်ရှည်စေတတ်တဲ့ ရာသီဥတု၊ အသက်ရှည်စေတတ်တဲ့ အာဟာရ သူ့မှာပြည့်စုံလာမယ်၊ ကုသိုလ်ကံက ပေးတဲ့အတွက်ကြောင့် ကျန်းမာဖို့ရာ အလိုအလျောက် ပြည့်စုံလာမှာပဲ။ ဒါကြောင့် အဓိကအကြောင်းက ကုသိုလ်ကောင်းမှုပဲ ဖြစ်တယ်"**ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

စိတ်ပိုင်းဆိုင်ရာအရလည်း အလောဘ၊ အဒေါသ စသည့်ကုသိုလ်တရားများက ထုတ်လုပ်ပေးသည့် ရုပ်တရားသည် သန့်စင်လာမှုနှင့်အတူ ကျန်းမာမှုကို ဖြစ်စေသည်။ ယနေ့မျက်မှောက်ကာလ ကမ္ဘာ့လူသားများသည် ကိုယ်စီကိုယ်စီ စိတ်ဖိစီးမှုများ ကြီးထွားလာကြသည်။ မြန်မာ့လူမှုဝန်းကျင်တွင်လည်း အယောနိသော မနသိကာရဟူသည့် မမှန်မကန်၊ မသင့်မတင့် နှလုံးသွင်းမှုများကြောင့်လည်း လောဘ၊ ဒေါသစသည့် အကုသိုလ်တရားများ ပွားစည်လာကြသည်။ ယနေ့ ဖေ့စ်ဘွတ်ခ်ဆိုသည့် လူမှုကွန်ရက်စာမျက်နှာအောက်တွင် ရေးသားနေသောမှတ်ချက်များကို ဖတ်ကြည့်ရုံနှင့် အရှင်းသားတွေ့မြင်နိုင်ပါသည်။

ထိုထိုသော မှတ်ချက်များကို မြင်တွေ့ရသည်နှင့်အမျှ ကျွန်မအဖို့မူ တစ်ခါက အနီးစခန်းဆရာတော်ကြီးက ဝိသုဒ္ဓိမဂ်ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် စာတတ်နေသော တပည့်ဖြစ်သူ သီတဂူဆရာတော်ကြီးအား **"သေးနုတ်တဲ့စာတွေနဲ့ ခေါင်းထဲတွေ့ရာတွေကို မထည့်နဲ့၊ မင်းတို့ ငါတို့ရဲ့ခေါင်းတွေဟာ အမှိုက်ပုံးမဖြစ်သင့်ဘူး"** ဆိုသည့် ဆုံးမဩဝါဒကို သတိရမိပါသည်။

ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသကလည်း "အခွင့်ကောင်းကို ရအောင်ယူ" တရားတော်တွင် **"နံပါတ်(၁) အရေးကြီးဆုံးက ကိုယ့်ကိုယ်ကိုယ် ကျန်းမာရေးဂရုစိုက်ရမှာပဲ၊ ကိုယ်ကျန်းမာရမယ်၊ စိတ်ကျန်းမာရမယ်။ ကိုယ်ကျန်းမာဖို့အတွက်ကျတော့ Physical exercise လုပ်တာတို့၊ ကိုယ်နဲ့မတည့်တဲ့ အစာမစားတာတို့၊ ကိုယ်နဲ့သင့်မြတ်တဲ့ အစာစားတယ်၊ မလေ်လည်ဘူး၊ ကိုယ်စိတ်ကို ထိန်းချုပ်တယ်၊ ကျန်းမာအောင်နေတယ်၊ ကျန်းမာအောင် ဝတ်တယ်၊ ကျန်းမာအောင်စားတယ်၊ ဒါတွေက ကာယကျန်းမာရေးအတွက် အထောက်အကူဖြစ်တယ်၊ ဒါကျန်းမာရေးလိုက်စားတဲ့ ပုဂ္ဂိုလ်တိုင်းသိတယ်၊ ဘုရားဟောတာလည်း ဒါပဲဟောတာပဲ။ စိတ်ကျန်းမာဖို့ကျ ဘာလုပ်ဖို့လိုလဲဆိုတော့ လောကလူတွေဟာ ဘာကြောင့် စိတ်မကျန်းမမာဖြစ်သလဲဆိုတော့ လောဘတွေ လွှမ်းမိုးမယ်၊ ဒေါသတွေ လွှမ်းမိုးမယ်၊ မောဟတွေ လွှမ်းမိုးမယ်ဆိုရင် စိတ်မကျန်းမမာ ဖြစ်လာတတ်တယ်။ ဒါကြောင့် ကိုယ့်သန္တာန်မှာ လောဘတွေကို များများအဖြစ်မခံရဘူး၊ ဒေါသတွေကို များများအဖြစ်မခံရဘူး။ ဖြစ်လာလို့ရှိရင် ဒါတွေက စိတ်ကျန်းမာရေးထိခိုက်တဲ့အရာတွေပဲ ဆိုပြီးတော့ စိတ်ကျန်းမာအောင်နေတယ်၊ စိုးရိမ်သောကတွေကို တရားဓမ္မကိုနှလုံးသွင်းခြင်းနဲ့ လျှော့ချလို့ရတယ်၊ အဲဒီလိုနည်းနဲ့ ကိုယ်ကျန်းမာအောင်၊ စိတ်ကျန်းမာအောင်နေရမယ်တဲ့"**ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် ပါမောက္ခချုပ်ဆရာတော်ကြီးက **"ကျန်းမာရေးကောင်းတာဟာ အားလုံးအတွက် အခွင့်လမ်းတစ်ခုပဲ၊ ကိုယ်ကျန်းမာတယ်ဆိုရင် အားလုံးအတွက်အခွင့်အလမ်းချည်းပဲ၊ စီးပွားလုပ်မလား၊ ပညာရှာမလား၊ တရားကျင့်မလား၊ ဘယ်ဟာအတွက်ဖြစ်ဖြစ် အကုန်လုံးအဆင်သင့်ဖြစ်တယ်၊ မကျန်းမာဘူးဆိုရင် အဲဒီအရာတွေဆုံးရှုံးသွားမယ်၊ ဘာတစ်ခုမှ လုပ်လို့မရတဲ့ အခြေအနေမျိုးကို ရောက်သွားနိုင်တယ်၊ ဒါကြောင့်မို့ နံပါတ် (၁) ကြီးပွားတိုးတက်ဖို့ရာအတွက် ကောင်းကျိုးချမ်းသာတွေရဖို့ရာအတွက် အရေးကြီးတဲ့ ဂိတ်ဝကြီးတစ်ခုဟာ 'ကျန်းမာမှု' ပဲ။ ဒါကြောင့် မြတ်စွာဘုရားဟောထားတာရှိတယ်။ "အာရောဂျ ပရမာ လာဘာ" ဆိုတာ လောကမှာစိန်တွေ၊ ရွှေတွေ၊ ငွေတွေရတယ်။ စီးပွားပစ္စည်းတွေရတယ်၊ ဘာတွေရရ ကျန်းမာမှုရတဲ့ပုဂ္ဂိုလ်ကသာ ခံစားနိုင်တာ၊ မကျန်းမာတဲ့ပုဂ္ဂိုလ်က မခံစားနိုင်ဘူး၊ ကျန်းမာမှ ဒါတွေက အဓိပ္ပာယ်ရှိတယ်၊ အိမ်ပေါ်ကမှ မဆင်းနိုင်အောင်ရောဂါရနေရင် မော်ဒယ်မြင့်ကားကြီး သူ့ရှိလည်း သူစီးရမှာမှမဟုတ်တာ၊ ဘာတွေလာခဲ့လာခဲ့ မကျန်းမာလို့ သူသုံးလို့မှမရတာ၊ ဒါကြောင့် ကျန်းမာမှုဟာ နံပါတ်(၁) အရေးကြီးဆုံးပဲတဲ့"** စသည်ဖြင့် ဟောဖော်ညွှန်ပြဆိုဆုံးမတော်မူခဲ့ပါသည်။

ဆရာတော်ကြီး၏ ဖော်ပြပါ **"အခွင့်ကောင်းကို ရအောင်ယူ"** တရားတော်ကိုနာယူ မှတ်သားရသည်မှာ ကျွန်မတို့အဖို့ အဖိုးအနဂ္ဃထိုက်တန်လှပေသည်။ လမ်းလျှောက်ဖော်များကိုလည်း ထပ်ဆင့်မျှဝေရပါဦးမည်။

ထို့အတူ နေ့သစ်၏ နံနက်ခင်းဝယ် ကျွန်မတို့ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်ရေးအတွက်သာမက စိတ်ကျန်းမာရေး ကောင်းမွန်စေဖို့အတွက်လည်း စိတ်ထဲ ရှင်းသန့်နေအောင် နှလုံးသွင်းဆင်ခြင်ကြရပါဦးမည်။ ။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၅**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း (MRCCI) တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက မန္တလေးမြို့ MRCCI ခန်းမ၌ ကျင်းပ သည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က အဂတိလိုက်စားမှုကို လုံးဝလက်သင့်မခံသည့် လူမှုအသိုက်အဝန်းတစ်ခု ပေါ်ပေါက်ရန်အတွက် နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး လက်တွဲညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် မိမိကိုယ်တိုင်ပါဝင်ကြရန်နှင့် မိမိမှစ၍ အဂတိလိုက်စားမှုများကို ငြင်းဆန်ရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေး အရေးယူခြင်းဆိုသည့် နည်းလမ်း (၃) သွယ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုသည် လူ့ဘောင်လောကကို အရုပ်ဆိုးအကျည်းတန်စေပြီး ကောင်းမွန်သည့် လူမှုစီးပွားဘဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသည့် မကောင်းမှု ဒုစရိုက်တစ်ခုပင်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုများကြောင့် လူ့ဘောင်လောကတွင် တရားမျှတမှု ပျောက်ကွယ်ပြီး နိုင်ငံတော်နှင့် အများပြည်သူကို ထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ကြီးမားသောအဟန့်အတားဖြစ်သည့် အဂတိလိုက်စားမှုများကို ကော်မရှင်နှင့်အတူ ပူးပေါင်း တိုက်ဖျက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ဖြောင့်မတ်တည်ကြည်မှုရှိသော စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ကော်မရှင်မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမင်းထွဋ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၌ လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်သည် ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) သို့သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံစဉ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အထွေထွေမန်နေဂျာများ၊ ဌာနတာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာများက ဘဏ်လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတစ်ဝန်းလုံးရှိတောင်သူလယ်သမားများကို စိုက်ပျိုးစရိတ် အရင်းအနှီးများ အဓိက ပံ့ပိုးထုတ်ချေးပေးလျက်ရှိသည့် နိုင်ငံတော်ဘဏ်ကြီးတစ်ဘဏ်ဖြစ်ကြောင်း၊ Customer များဖြစ်ကြသည့် တောင်သူများအပေါ် စေတနာထား၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပေးကြရန်လိုကြောင်း၊ ထုတ်ချေးငွေအပေါ်တွင် လည်းကောင်း၊ တောင်သူများက ပြန်လည်ပေးဆပ်သည့်ငွေများ အပေါ်တွင် လည်းကောင်း ငွေကြေးအလွဲသုံးစားမှုများ မရှိစေရေးအတွက် တာဝန်ရှိသူများက အဆင့်ဆင့် ထိရောက်စွာ ကြီးကြပ်စစ်ဆေးဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဘဏ်နှင့် ဆက်သွယ်သူတောင်သူဦးရေများပြားသည်နှင့်အမျှ ကြွေးကျန် (NPL) များလည်း ဖြစ်ပေါ်နေသဖြင့် ကြွေးကျန်များ ပြန်လည်ကောက်ခံ ရရှိရေးကိုလည်း သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် ချေးငွေ အကြံပေးအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်၍ ထိရောက်စွာ စီမံဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။




**သတင်းစဉ်**

# ဝါးအလယ်ကျွန်းသို့ နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်အတွင်းရှိ ဝါးအလယ်ကျွန်း(Wa Ale Resort) အပန်းဖြေစခန်းသို့ ယခုနှစ်ခရီးသွားရာသီတွင် ရုရှား၊ အီတလီ၊ ယူကေနှင့် ဥရောပနိုင်ငံအချို့မှ နိုင်ငံခြားသားခရီးသွားများ လာရောက်အပန်းဖြေ လည်ပတ်လျက်ရှိကြောင်း လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။



ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၈၀၀ နှင့် နှစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရုက္ခနှင့် ဇီဝကို ထိခိုက်မှုမရှိသော ခရီးသွားဝင်ရောက်မှုရပ်ဝန်းတစ်ခုအဖြစ် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

"သဘာဝတောထဲမှာရှိတဲ့ အပန်းဖြေစခန်းတစ်ခုဖြစ်တဲ့အတွက် မြို့ပြနဲ့ခြားနားတဲ့ အထိအတွေ့ သဘာဝခံစားမှုကို ခရီးသွားတွေနှစ်ခြိုက်ကြပါတယ်။ လတ်ဆတ်တဲ့ ပင်လယ်လေကိုရှူရင်း သဲသောင်ပြင်မှာ နေပူစာလှုံတာ၊ ရေငုပ်ပြီး သန္တာကျောက်တန်းနဲ့ ရေအောက် အလှကြည့်တာ၊ ကမ်းခြေက လှိုင်းနဲ့ ကနူးကယက်လှေလှော်ပြီး အပန်းဖြေတာကို နှစ်ခြိုက်ကြတယ်။ တချို့က တောတွင်းလမ်းလျှောက်ပြီး ငှက်ကြည့်ကြတယ်။ အဓိက ခရီးသွားတွေ လာရောက်လည်ပတ်တယ်ဆိုတာက သဘာဝအခြေခံခရီးသွားကောင်းမွန်တဲ့ နေရာတစ်ခုဖြစ်လို့ပါ"ဟု လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် နို့တိုက်သတ္တဝါ ၄၀ ခန့်၊ ငှက်မျိုးစိတ် ၂၈၈ မျိုး၊ ငါးမျိုးစိတ် ၄၂ မျိုး၊ ကဏန်း/ ပုစွန် ၄၂ မျိုး၊ အပင်ငယ် ၁၃၆ မျိုး၊ ကုန်းနေ/ရေနေအကောင်ငယ် ၁၅၁ မျိုး၊ သစ်တောမျိုးစိတ် ၁၉၆ မျိုး၊ ဒီရေတောအပင် ၆၃ မျိုးနှင့် ပင်လယ်မြက် ကိုးမျိုးတို့ ရှင်သန်လျက်ရှိပြီး ကမ္ဘာပေါ်တွင် အောက်ချင်းငှက် ၆၁ မျိုးရှိရာ၌ မြန်မာနိုင်ငံတွင် အောက်ချင်းငှက် ၁၁ မျိုးရှိရာ မြိတ်ကျွန်းစု၌ အောက်ချင်းငှက် ကိုးမျိုး နေထိုင်ကျက်စားလျက်ရှိသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များ ထူးခြားစွာတည်ရှိနေသည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် တည်ရှိပြီး အမြဲစိမ်းသစ်တောများ၊ လမုတောများ၊ ပင်လယ်မြက်နှင့် ပင်လယ်ရေမှော်များ၊ ရှားပါးအပင်များ၊ သန္တာကျောက်တန်းများနှင့် ကမ္ဘာတွင် မျိုးသုဉ်းရန် ရင်ဆိုင်နေရသည့် ကုန်းနေ၊ ရေနေသတ္တဝါများ ရှင်သန်ကျက်စားလျက်သည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ-လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေး

**မုံရွာ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ ချင်းတွင်းမြစ်ကမ်းဘေး မြေနုကျွန်းပေါ်၌ တောင်သူဦးမြင့်စိုး စိုက်ပျိုးထားရှိသည့် ဆောင်းမြေပဲများနှင့် စားဖိုဆောင်သီးနှံစိုက်ခင်းအား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ မှမြေနုကျွန်းပေါ်၌ ဆောင်းမြေပဲနှင့် စားဖိုဆောင်သီးနှံစိုက်ခင်း ငါးဧက စိုက်ပျိုးထားရှိမှုများအား လိုက်လံရှင်းလင်းပြသကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းပြသမှုများအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အိုးဘိုတောင်အင်းအတွင်းရှိ ကြက်သွန်နီအထူးဇုန်၌ တောင်သူ ၂၀ စိုက်ပျိုးထားရှိသည့် ကြက်သွန်နီ ၈၂ ဧကစိုက်ခင်းနှင့် ခံတောကျေးရွာရှိ တောင်သူ ၁၇ ဦး စိုက်ပျိုးထားရှိသည့် ကြက်သွန်နီ ဧက ၄၀ စိုက်ခင်းတို့သို့ ရောက်ရှိရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများက ကြက်သွန်နီစိုက်ပျိုးထားရှိမှုများအား လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြက်သွန်နီအထွက်နှုန်းကောင်းမွန်စွာ ရရှိရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာငုံးမွေးမြူ ရေးဇုန်အစည်းအဝေးခန်းမ၌ ငုံးမွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ငုံးမွေးမြူရေးလုပ်ငန်းရှင်များက ငုံးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ငုံးမွေးမြူရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ငုံးမွေးမြူရေးဇုန်အတွင်း ငုံးများ မွေးမြူထားရှိမှု၊ ငုံးဥများ ထုပ်ပိုးနေမှုများနှင့် အစာစပ်စက်ရုံတို့အား လိုက်လံကြည့်ရှုခဲ့ကြသည်။ အဆိုပါမုံရွာငုံးမွေးမြူရေးဇုန်အတွင်း ငုံးမွေးမြူရေးလုပ်ငန်းရှင် ၄၀ ကျော်က ငုံးကောင်ရေ ခြောက်သိန်းကျော်အား ငုံးခြံ ၉၀ ဖြင့်မွေးမြူလျက်ရှိပြီး တစ်ရက်လျှင် ငုံးဥ ငါးသိန်းကျော်ထွက်ရှိရာ ဒေသတွင်းစားသုံးရန် လုံလောက်သည့်အပြင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

ကျော်စိုးနိုင်၊ ဖွဲမာန်၊ ကိုငယ်၊ သန်းထွန်းအေး၊ အောင်သူဖြိုး၊ အောင်ကျော်မိုး၊ ဟန်ဝင်းသူ၊ မောင်တိုးတို့ ၁၃ ဦးနှင့်အတူ ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်စဉ် ရှေးဟောင်းမြေအိုး တစ်လုံး တူးဖော်ရရှိခဲ့ပြီး အဆိုပါ မြေအိုးအတွင်းမှ ရှေးဟောင်းပစ္စည်းဟု ယူဆရသည့် ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေလုံး နှစ်ခု၊ ရွှေဘယက်အချို့ကို တူးဖော်တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့ အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချ၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနိုင်ရန် အောင်ဖြိုးက ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေလုံး နှစ်ခုတို့ကို ယူဆောင်၍ ကျန်ရွှေဘယက်နှင့် အခြား ရွှေထည်ပစ္စည်းများကို ဦးညို(ခ)ကိုကိုညိုက ခွဲဝေယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း စုံစမ်းဖော်ထုတ်သိရှိရသည်။

စုံစမ်း ဖော်ထုတ်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၉ ရက်တွင် ရှေးဟောင်းရွှေထည်ပစ္စည်းများ တူးဖော်ရရှိခဲ့သူ အောင်ဖြိုး၊ စိန်ထွန်းနှင့် အောင်မိုးတို့ သုံးဦးကို ၎င်းတို့၏ နေအိမ်များမှ သက်ဆိုင်ရာ နယ်မြေရဲစခန်းသို့ ထိန်းသိမ်းခေါ်ဆောင်စစ်ဆေးခဲ့ရာ တရားခံ အောင်ဖြိုးက မန္တလေးမြို့ရှိ ဦးတင်မောင်ဆွေ (စိစစ်ဆဲ)၏ နေအိမ်တွင် တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းရွှေထည် ပစ္စည်း အလေးချိန် ၁၃ ကျပ်သားခန့်အား ငွေကျပ်သိန်း ၅၄၀ ဖြင့် ရောင်းချခဲ့ကြောင်း၊ ဦးညို(ခ) ကိုကိုညိုက ၎င်းခွဲဝေရရှိထားသည့် ရွှေထည် ပစ္စည်းအချို့ကို ငွေကျပ်သိန်း ၉၄၀ ဖြင့် ရောင်းချခဲ့ကာ အဆိုပါ ရရှိငွေများထဲမှ အလုပ်သမားဖြစ်သူ စိန်ထွန်းပါ ၁၂ ဦးကို တစ်ဦးလျှင် ၅၂၅၀၀၀၀ နှုန်းဖြင့် ခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရကာ တရားခံ အောင်မိုးထံမှ သက်သေခံ ရှေးဟောင်းရွှေထည်ပစ္စည်း ရွှေလက်ကောက်အကွေး ငါးခုကိုလည်းကောင်း၊ တရားခံအောင်ဖြိုးထံမှ သက်သေခံရှေးဟောင်း ရွှေထည်ပစ္စည်း ရွှေခဲ သုံးခု၊ ရွှေထည် ပစ္စည်းမျိုးစုံ ၄ ကျပ်၊ ၁၀ ပဲ ၃ ရွေးနှင့် ရွှေထည်ပစ္စည်းအပိုင်းအစ ၁၆ ခု၊ ၁၃ ကျပ်၊ ၆ ပဲ၊ ၂ ရွေး တို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှ ရှေးဟောင်းရွှေထည်ပစ္စည်းများအား တာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ကိုယ်ကျိုးစီးပွားအတွက် ထုခွဲရောင်းချခဲ့သူ အောင်ဖြိုး၊ စိန်ထွန်း၊ အောင်မိုးတို့ သုံးဦးနှင့် ဖမ်းဆီးရန်ကျန်တရားခံများ ဖြစ်ကြသည့် ဦးညို(ခ)ကိုကိုညိုပါ ၁၁ ဦးတို့ကို ပုဂံနယ်မြေရဲစခန်း(ပ) ၂၅/၂၀၂၄၊ ရှေးဟောင်းဝတ္ထု ပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၁၇/၁၉ ဖြင့် အမှုရေးဖွင့်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ပစ္စည်းများ တူးဖော်တွေ့ရှိပါက လက်ဝယ်ထားရှိခြင်း၊ စုဆောင်းထားရှိခြင်းနှင့် ကိုယ်ကျိုးစီးပွားအတွက် ထုခွဲရောင်းချခြင်းများ မပြုလုပ်ရန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ သတင်းပေးပို့ဆက်သွယ်၍ အပ်နှံနိုင်ရန် အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။



ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ တူးဖော်ရရှိသည့် ရွှေထည်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူ (ဝဲမှယာ)တရားအောင်ဖြိုး(၃၅)နှစ်၊ (ဘ)ဦးမောင်ခင်၊ အောင်မိုး၊(၄၃)နှစ်၊(ဘ)ဦးမောင်ခင်၊ စိန်ထွန်း(၂၅)နှစ်၊ (ဘ)ဦးတင်ဝင်း တို့အား ဖော်ထုတ်ဖမ်းဆီးအရေးယူမှုမှတ်တမ်းဓာတ်ပုံ။

**သတင်းစဉ်**

# ကျောက်ဆည်မြို့နယ်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စံပြနေကြာစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု

**ကျောက်ဆည် ဒီဇင်ဘာ ၂၅**

ကျောက်ဆည်မြို့နယ်တွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဒေသအတွင်း စားသုံးဆီဖူလုံပိုလျှံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ယမန်နေ့က မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့်တာဝန်ရှိသူများက ဒွေးလှကျေးရွာတွင်စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသည့် ရေဆင်းစပ်မျိုး(၁) စံပြနေကြာစိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ ဆောင်းသီးနှံစံပြနေကြာစိုက်ခင်းများသည် ဒွေးလှသမဝါယမအသင်းလီမိတက်အသင်းသား ဦးနေဝင်း၏ ကွင်းအမှတ်(၃၃၇)တွင် စိုက်ပျိုးထားသော ရေဆင်းစပ်မျိုး(၁)နေကြာ စံပြစိုက်ဧက နှစ်ဧကနှင့်မြို့နယ်သမဝါမယအသင်းစုလီမိတက်မှ စိုက်ပျိုးသည့် ရေဆင်းစပ်မျိုး(၁)နေကြာ စံပြစိုက်ဧက လေးဧကတို့ ဖြစ်ကြောင်း၊ လာရောက်ကြည့်ရှုသော ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများသည် ဒေသခံတောင်သူများအား နေကြာသီးနှံအောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် ကျေးရွာ ၃၉ ရွာမှ အသင်းသားတောင်သူများ လူမှုစီးပွားဘဝ အဆင်ပြေစေရေး သွင်းအားစုများနှင့်ရေဆင်းစပ်မျိုး(၁)မျိုးစေ့များ ဖြန့်ဖြူးပေးလျက်ရှိပြီး ဆောင်းနေကြာ ၅၀၂၆ ဧကစိုက်ပျိုးထားကြောင်းနှင့် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံရေး အခြားနေကြာစိုက် တောင်သူများကိုလည်း ရေဆင်းစပ်မျိုး(၁)နေကြာမျိုးစေ့ ဧက ၁၀၀၀ စာနှင့် ရုရှားသဘာဝရွက်ဖျန်းမြေဩဇာများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**



# ပင်းတယမြို့နယ်၌ ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၁၄ သိန်း ထုတ်ချေး

**ပင်းတယ ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပွေးလှကျေးရွာအုပ်စု ရှောက်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ(ဆဋ္ဌမ)အကြိမ်မြောက် ထုတ်ချေးပေးခြင်းကို ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများမှ အဆိုပါကျေးရွာ၌ ထုတ်ချေးပေးခဲ့သည်။

ဦးစွာ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ရှောက်ပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လိုအပ်သည့်ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် တိုးပွားလာသောအတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# နိုင်ငံတကာသတင်း

## ယီမင်မှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်ကို အစ္စရေးကြားဖြတ်ဟန့်တား

**ဂျေရုဆလင် ဒီဇင်ဘာ ၂၅**

ယီမင်နိုင်ငံမှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်တစ်စင်းကို အစ္စရေးလေကြောင်းရန် ကာကွယ်ရေးစနစ်ဖြင့် ဒီဇင်ဘာ ၂၅ ရက်တွင် ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်သည်။

အစ္စရေးနယ်မြေအတွင်းသို့မရောက်မီ အဆိုပါ ဒုံးကျည်ကို ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ပြောသည်။

ကြားဖြတ်ဟန့်တားမှုမှ အမြောက်ဆန် အပိုင်းအစများကျလာနိုင်သည့်အတွက် အစ္စရေးနိုင်ငံအလယ်ပိုင်းတွင် အချက်ပေးသံများ ထွက်ပေါ်လာခဲ့သည်။

ယီမင်နိုင်ငံမှ ဟူသီသူပုန်များက ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် တစ်ပတ်အတွင်း ငါးကြိမ်မြောက်အဖြစ် သန်းနှင့်ချီသောပြည်သူများကို ခိုလှုံရာနေရာများသို့ ပို့ဆောင်ပေးခဲ့ရကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က လူမှုကွန်ရက်မီဒီယာတွင် ဖော်ပြခဲ့သည်။

ဟူသီသူပုန်များသည် လွန်ခဲ့သည့်နှစ် အောက်တိုဘာလမှစတင်၍ အစ္စရေးနိုင်ငံသို့ ဒုံးကျည်များဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့်တိုက်ခိုက်ခြင်းတို့ပြုလုပ်ခဲ့သည်။

အစ္စရေးဘက်မှလည်း လေကြောင်းစစ်ဆင်ရေးများဖြင့် ပြန်လည်လက်တုံ့ပြန်ခဲ့သည်။

ဆင်ဟွာ



ယီမင်မှ ပစ်လွှတ်လိုက်သည့် ဒုံးကျည်တစ်စင်းကို တွေ့ရစဉ်။

## အဇာဘိုင်ဂျန်လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ် ပျက်ကျခဲ့သော်လည်း အသက်ရှင်ကျန်ရစ်ခဲ့သူများတွေ့ရှိ

**ဘာကူ ဒီဇင်ဘာ ၂၅**

အဇာဘိုင်ဂျန် လေကြောင်းလိုင်းမှ ပျံသန်းပြေးဆွဲနေသည့် Embraer 190 လေယာဉ်သည် ဘာကူမြို့မှ ဂရောဇနီသို့ ပျံသန်းသည့်ခရီးစဉ်၌ ကာဇက်စတန် ရှိအက်ခ်တောင်မြို့အနီးတွင် ပျက်ကျခဲ့သည်ဟု အဇာဘိုင်ဂျန်သတင်းဌာနက တင်ပြသည်။



အဇာဘိုင်ဂျန်လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်ပျက်ကျနေသည်ကို တွေ့ရစဉ်။

အက်ခ်တောင်မြို့ လေဆိပ်အနီးတွင် လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ပြီး လေယာဉ်မီးလောင်ခဲ့သည်ဟုသိရသည်။ အခင်းဖြစ်ပွားရာနေရာသို့ ကာဇက်စတန် အရေးပေါ်အခြေအနေဆိုင်ရာ ဝန်ကြီးဌာနမှ ဝန်ထမ်း ၅၂ ဦးနှင့် စက်ကိရိယာများကို ပို့ဆောင်ခဲ့ကြောင်း မီဒီယာများတွင် ဖော်ပြသည်။

မီးငြိမ်းသတ်ရေး လုပ်ငန်းများကို လုပ်ဆောင်နေပြီး ပဏာမအစီရင်ခံချက်များအရ အသက်ရှင်ကျန်ရစ်သူများရှိကြောင်း ကာဇက်စတန်အရေးပေါ် အခြေအနေဆိုင်ရာ ဝန်ကြီးဌာနကပြောသည်။ အဆိုပါလေယာဉ်သည် ခရီးသည် ၆၂ ဦးနှင့် လေယာဉ်အမှုထမ်းငါးဦးကို တင်ဆောင်လာသည်။

အသက်ရှင် ကျန်ရစ်သူများရှိသော်လည်း ၎င်းတို့၏ဒဏ်ရာအခြေအနေကို မသိရသေးချေ။ အဇာဘိုင်ဂျန် လေကြောင်းလိုင်းကလည်း အဆိုပါအဖြစ်အပျက်နှင့်ပတ်သက်၍ အတည်ပြုခဲ့ပြီး နောက်ထပ် သတင်းအချက်အလက်များ ထုတ်ပြန်သွားမည်ဟု ပြောသည်။

ဒေသခံ အာဏာပိုင်များနှင့် အရေးပေါ်ဌာနမှ ဝန်ထမ်းများသည် လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။

ဆင်ဟွာ

## အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူ ၁၈၂ ဦးကို တူကီယဲဖမ်းဆီး

**အန်ကာရာ ဒီဇင်ဘာ ၂၅**

လွန်ခဲ့သည့် သီတင်းပတ်သုံးပတ်အတွင်း အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူ ၁၈၂ ဦးကို တူကီယဲနိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး အလီယာလီကာယာက ဒီဇင်ဘာ ၂၅ ရက်တွင်ပြောသည်။

ပြည်နယ်ပေါင်း ၂၂ ခုတွင် စစ်ဆင်ရေးပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါပြည်နယ်များထဲတွင် အက်ဒါနာ၊ အန်တယ်လ်ယာ၊ ဒီယာဘာကီယာ ၊ ဂါဇီအန်တပ်၊ ဟေတေ၊ အစ္စတန်ဘူးလ်နှင့် အိုက်ဇ်မီယာ တို့ပါဝင်သည်ဟု ၎င်းကဆက်ပြောသည်။

စစ်ဆင်ရေးပြုလုပ်ခဲ့သည့် အချိန်အတိအကျကိုမူ ဖော်ပြခဲ့ခြင်းမရှိချေ။ ဖမ်းဆီးခံထားရသူများထဲတွင် ၄၃ ဦးကို တရားဝင်ဖမ်းဆီးထားပြီး ၂၄ ဦးကို စစ်ဆေးနေကြောင်း ၎င်းက ဆက်ပြောသည်။ **ဆင်ဟွာ**



## ကျောက်ဆည်မြို့နယ်၌ ကီလိုမာလကာသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်လွှဲ၊ တောင်နောက်၊ သံရွာ၊ သံနောက်နှင့် အရှေ့သပြေကုန်းကျေးရွာများ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိပြီး ဈေးကွက်ဝယ်လိုအားရှိသည့် ကီလိုမာလကာသီးနှံများကိုလည်း ယာမြေများတွင် အများဆုံးစိုက်ပျိုးလာကြကြောင်း သိရသည်။

ကီလိုမာလကာပင် များကို ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ကီလိုမာလကာစိုက်ပျိုးရာတွင် ကိုင်းကူးမျိုးစိုက်ပျိုးမှုနှင့် မျိုးစေ့စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီးကိုင်းကူးမျိုးများကိုအများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကီလိုမာလကာတစ်ပင်နှင့် တစ်ပင် အကွာအဝေး ၁၅ – ၁၆ ပေခြား၍ တစ်ဧကလျှင် အပင် ၃၅၀ ခန့် စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ်သိန်း ၂၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး နှစ်နှစ်ခန့်အကြာတွင် အသီးများစတင်ခူးဆွတ်ရောင်းချရပြီး ကီလိုမာလကာသီးများကို တစ်နှစ်ပတ်လုံး ရရှိနိုင်ကြောင်း၊ မြေအနေအထားနှင့် အပင်ဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ တစ်နှစ်လျှင် ကီလိုမာလကာတစ်ပင်အတွက် ပျမ်းမျှအလုံးရေ ၁၀၀–၁၂၀ ခန့်ထွက်ရှိပြီး တစ်ဧကအတွက် ပျမ်းမျှအလုံးရေ ၃၅၀၀၀ ခန့်ထွက်ရှိကြောင်း၊ စိုက်ပျိုးသူများ အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်ဒေသတွင်းရောင်းချမှုအပြင် အခြားမြို့နယ်များသို့လည်း တင်ပို့ကြောင်း သိရသည်။ **DOCA (မန္တလေး)**

## ပေါက်ခေါင်းမြို့နယ်၌ ရုံးပတီသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရ

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကိုလည်း စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးနှံကို မိသားစုတစ်နိုင်တစ်ပိုင်အနေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ရုံးပတီသီးနှံကို ရာသီမရွေးစိုက်ပျိုးကာ စိုက်ပျိုးပြီး တစ်လခွဲခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်ရကြောင်း၊ ရုံးပတီမျိုးအနေဖြင့် အပင်ငယ်မျိုးကို စိုက်ပျိုးကြပြီး တစ်ပင်နှင့် တစ်ပင်အကွာအဝေး နှစ်ပေသုံးပေခြား၍ စိုက်ပျိုးရကြောင်း၊ ရုံးပတီသီးနှံတစ်ဧကလျှင် ရုံးပတီမျိုးစေ့ ၁၀၀ ခန့် စိုက်ပျိုးနိုင်ပြီး မျိုးစေ့၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ရှစ်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ရုံးပတီသီး ပိဿာချိန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ ရုံးပတီသီးများ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပေါက်ခေါင်းမြို့နှင့် ပြည်မြို့ရှိ ကုန်စိမ်းသီးနှံဒိုင်များသို့ တင်ပို့ရောင်းချ၍ အကျိုးအမြတ်ရလျက်ရှိကြောင်း ရုံးပတီသီးနှံစိုက်တောင်သူများထံမှ သိရသည်။

**DOCA (ပဲခူး)**



## အထက်မင်းလှမြို့၌ ဆောင်းသီးနှံပဲတီစိမ်းများ စတင်ထွက်ပေါ်၍ ဈေးကောင်းရ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့ အမှတ် – ၆ ရပ်ကွက်ရှိ တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းသီးနှံ များကိုလည်း စုစုပေါင်းဧက ၃၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလဒုတိယပတ်တွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ဘုံခုနစ်ဆင့်ပဲတီစိမ်း(အကြီးမျိုး) များကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးခြောက်ပြည်ခန့် ကုန်ကျကြောင်း၊ ပဲတီစိမ်းစိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀–၁၁ တင်းခန့် ထွက်ရှိပြီး အရောင်းအဝယ်ကောင်းသည့်အတွက် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မကွေးမြို့နှင့် ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ပဲတီစိမ်းအထွက်နှုန်းပိုမိုထွက်ရှိသည့်အပြင် ဈေးနှုန်းကောင်းမွန်သည့်အတွက် ပဲတီစိမ်းစိုက်တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **DOCA (မကွေး)**



## အထက်မင်းလှမြို့နယ်၌ ပဲနက် (ခေါ်) မောင်မခေါ် ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ဘွဲ့ကျေးရွာအုပ်စုရှိ ဇီးတောကျေးရွာ၌ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပဲနက် (ခေါ်) မောင်မခေါ် ပဲသီးနှံကို စိုက်ဧက ၄၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ပဲနက်(ခေါ်)မောင်မခေါ်ပဲသီးနှံကိုအောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး ငါးလအကြာတွင် ခူးဆွတ်ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် ပဲနက်(ခေါ်)မောင်မခေါ်ပဲမျိုး တစ်တင်းခန့်ကုန်ကျကြောင်း သိရသည်။

ယခင်နှစ်က ပဲနက်တစ်ဧကလျှင် ၁၅ တင်းခန့် ထွက်ရှိပြီး အရောင်းအဝယ်ကောင်းသည့်အတွက် အကျိုးအမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်းသိရသည်။ ယခုအချိန်တွင် ရာသီဥတုကောင်းမွန်၍ ပဲနက်(ခေါ်) မောင်မခေါ်ပဲစိုက်ခင်းများမှာ အသီးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲနက်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**

### ၂၃ – ၁၂ – ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၅၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၃၂၀၀၀ | ၄၅၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၈၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၆၀ | ၁၇၅၀၀ | ၄၅၀၀ | ၁၇၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၅၀၀ | | ၇၅၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | | | ၄၀၀၀ | ၇၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၈၀၃၀ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၉၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၈၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၉၀၀၀ | ၈၅၆၀ | ၁၈၅၀၀ | ၄၈၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၁၀၅၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၇၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၅၄၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၃၅၀ | | ၅၃၀၀ | ၂၁၅၀၀ | ၈၁၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၃၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၃၀ | ၁၆၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၈၄၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၇၀၀ | ၉၀၀၀ | ၈၅၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၀၇၅ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၃၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၄၈၀၀ | ၃၉၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၈၀၀ | ၅၃၅၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၁၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၂၀၀ | ၁၅၂၀၀ | ၄၂၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၃၅၀ | ၁၉၀၀၀ | ၂၈၅၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၀၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၆၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံများနှင့် ပမ္မတီးမြောက်ကွင်းအတွင်း လယ်သီးထပ်ဆောင်းသီးနှံစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဒီဇင်ဘာ ၂၅

**ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း သီးထပ်စိုက်စွမ်းအား ၂၀၀ ရာခိုင်နှုန်း ပြည့်မီစေရေးနှင့် စားဆီဖူလုံမှု ၁၀၀ ရာခိုင်နှုန်းကျော် ရရှိရေးအတွက် သီးထပ်စိုက်စွမ်းအား တိုးတက်မြင့်မားလာစေရေး ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၄ ရက်က မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံများနှင့် ပမ္မတီးမြောက်ကွင်းအတွင်း လယ်များအား ကွင်းဆင်းစစ်ဆေးသည်။**

ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရွှေအိုက်ကွင်း၊ ကွင်းအမှတ်(၇၄)အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ဒုတိယနှစ်စက်ဝန်းမှ မတည်ငွေကျပ်သိန်း ၁၂၀၀ ရင်းနှီးပေးမှုဖြင့် တောင်သူဦးမာယော်၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ ဒေသန္တရများ၊ အသားတိုးဝက်များနှင့် ၎င်း၏ခြံဝင်းအတွင်း ကန်စွန်းပင်၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ကိုက်လန်၊ ဆလတ်၊ မုန်လာထုပ် စသည့်ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ဒေသဆိတ်ကောင်ရေ ၃၀ ကျော်အား ခြံလှောင်စနစ်ဖြင့် မွေးမြူထားရှိမှု အခြေအနေများနှင့် ကောက်ရိုးများစုဆောင်းပြီး ပဲ၊ ပြောင်းခြွေလှေ့စက်ဖြင့် ကြိတ်ခွဲခြွေလှေ့ပြီး တိရစ္ဆာန်အစာအဖြစ်



ပြန်လည်အသုံးချဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်က ဒေသရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိပြီး ရေရှည်တည်တံ့သော ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး အားပေးဆောင်ရွက်ရာတွင် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားရေးနှင့် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးတို့အတွက် လယ်ယာဘေးထွက်ပစ္စည်းများအား တိရစ္ဆာန်အစာအဖြစ်လည်းကောင်း၊ တိရစ္ဆာန်အညစ်အကြေးမှ ဘာသာဝမြေဩဇာအဖြစ်လည်းကောင်း ပြန်လည်အသုံးပြုနိုင်ရေး လိုအပ်သည့် နည်းစနစ်များကို အတတ်နိုင်ဆုံး ကူညီပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အခမဲ့ပေးအပ်သော ခြံဖျန်းပိုးသတ်ဆေးဘူးများနှင့် ဆေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပမ္မတီးမြောက်ကွင်း ကွင်းအမှတ် (၇၂) သို့ သွားရောက်ကာ မိုးစပါးရိတ်သိမ်းပြီး လယ်ဧက ၄၀ ကျော်တွင် လယ်သီးထပ်ဆောင်းသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က မိုးစပါးရိတ်သိမ်းအပြီး ရိုးပြတ်ကျန်လယ်များအား လစ်လပ်မှုမရှိစေဘဲ သီးထပ်စိုက်ပျိုးသည့် အလေ့အထကို ဆောင်ရွက်လာနိုင်ခြင်းဖြင့် တောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်သည့်အပြင် ဒေသတွင်း စားဆီဖူလုံမှု တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ရိုးပြတ်ကျန်လယ်များအားလုံးတွင် ဆီထွက်သီးနှံနေကြာနှင့် ပဲပုပ်စိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး တိုက်တွန်းပြောကြားသည်။

ပြည်နယ် (ပြန်/ဆက်)

## ရမည်းသင်းမြို့ မြို့မဈေး မီးဘေးလုံခြုံရေး မီးငြှိမ်းသတ်သရုပ်ပြ

**ရမည်းသင်း ဒီဇင်ဘာ ၂၅**

ရမည်းသင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ဦးဆောင်၍ မြို့မစည်ပင်သာယာဈေးအတွင်းရှိ ဈေးသူ၊ ဈေးသားများနှင့် ပူးပေါင်းကာ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဒီဇင်ဘာ၂၄ ရက်က စည်ပင်သာယာဈေးအတွင်း၌ ပြုလုပ်သည်။

သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသူရလင်းက မီးလောင်မှုအကြောင်းရင်း၊ မီးလောင်မှုအမျိုးအစားများ၊ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြုနည်း၊ မီးသတ်ယာဉ်တွင် ပါဝင်သောပစ္စည်းများကို ရှင်းလင်းခြင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးငြှိမ်းသတ်ခြင်း၊ ဂက်စ်မီးငြှိမ်းသတ်နည်းတို့ကို လက်တွေ့သရုပ်ပြကာ ဈေးသူ၊ ဈေးသားများကိုယ်တိုင် မီးငြှိမ်းသတ်နိုင်စေရန် ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ မီးသတ်ဆေးဘူး စနစ်တကျကိုင်တွယ်အသုံးပြု၍ မီးငြှိမ်းသတ်စေခြင်း၊ မီးသတ်ပိုက်



အသုံးပြု၍ မီးငြှိမ်းသတ်စေခြင်းလုပ်ငန်းတို့ကို လက်တွေ့ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## မြို့နှင့် စက်ရုံ/အလုပ်ရုံများ ဖော်ဆောင်ရေးဆု စိစစ်ရွေးချယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ကျိုင်းတုံ ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပတ်ဝန်းကျင် စီမံခန့်ခွဲမှုကောင်းမွန်သော မြို့နှင့် စက်ရုံ/ အလုပ်ရုံများ ဖော်ဆောင်ရေးဆု စိစစ်ရွေးချယ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက်က ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကျိုင်းတုံ) ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့နှင့် စက်ရုံ/ အလုပ်ရုံများ ဖော်ဆောင်ရေးဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး



ဦးဇော်လွင်ဦးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့နှင့် စက်ရုံ/ အလုပ်ရုံများ ဖော်ဆောင်ရေးဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး တာချီလိတ်ခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုးက ဆုရွေးချယ်ရေး သတ်မှတ်ထားသည့် အခြေခံ စံနှုန်းနှင့် အညွှန်းကိန်းများ၊ ကွင်းဆင်းစိစစ်ရေး အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့နှင့် စက်ရုံ/ အလုပ်ရုံများ ဖော်ဆောင်ရေးဆု စိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များက ကျိုင်းတုံမြို့အား ဆုရွေးချယ်ရေး သတ်မှတ်ထားသည့် အခြေခံစံနှုန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့နှင့် စက်ရုံ/အလုပ်ရုံများ ဖော်ဆောင်ရေးဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌကလိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

## ဌာနဆိုင်ရာတာဝန်ရှိသူများ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မက်မန်း ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၃ ရက်က မက်မန်းမြို့နယ် မင်းရန်အောင်ကျေးရွာ ဘက်စုံသုံးခန်းမ၌ သွားရောက်ကွင်းဆင်းခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မက်မန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မိမိဌာနတစ်ခုချင်းစီမှ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မင်းရန်အောင်အုပ်စု မင်းရန်အောင်ကျေးရွာ စိုက်ပျိုးရေးတောင်သူ ဦးမူးလိန်၏ ၂၀၂၄-၂၀၂၅ စီမံကိန်းနှစ်တွင် စိုက်ပျိုးသည့် ထောပတ်ပင် ၅၀၀ စိုက်ခင်းသို့ သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **အေဇက်ထွန်း (မက်မန်း)**



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

**၂၅ - ၁၂ - ၂၀၂၄ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅,၂၆၀,၀၀၀ ကျပ်ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပထဝီဝင်ဘာသာရပ် သိကောင်းစရာများ

ဒေါက်တာ ဇင်နွယ်မြင့်၊ ပါမောက္ခ (ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများအနေဖြင့် စနစ်သစ်သင်ရိုးဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြရတော့မည်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသား ကျောင်းသူများအားလုံး လွယ်ကူချောမောစွာ ဖြေဆိုနိုင်ရန် ရည်ရွယ်ပြီး စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ ပို့ချမည်ဖြစ်သည်။

ရှေးဦးစွာ ဒွါဒသမတန်း ပထဝီဝင်ဘာသာရပ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင်ပါရှိသည့် သင်ခန်းစာများကို အကျဉ်းမျှ ရှင်းလင်းဖော်ပြလိုပါသည်။ ထိုကျောင်းသုံး ဖတ်စာအုပ်တွင် သင်ခန်းစာ အခန်းကြီး (၅) ခန်း ပါဝင်ပါသည်။

အခန်း (၁) သည် ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်ဖြစ်ပြီး အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်များအကြောင်း ပါဝင်သည်။ ဒီအခန်းမှာ ကမ္ဘာ့တိုက်ကြီးတစ်ခုချင်းစီ၏ တည်နေရာ၊ အကျယ်အဝန်း မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းတို့ကို အခြေခံပြီး ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာတို့ ကွဲပြားသွားပုံများကို လေ့လာကြရမည်ဖြစ်သည်။

အခန်း (၂) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအကြောင်းဖြစ်ပြီး စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်မှု လုပ်ငန်းအမျိုးအစားများနှင့် ၎င်းလုပ်ငန်းများ ပျံ့နှံ့တည်ရှိရာဒေသများ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးတို့ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာ အခြေခံကျသော စီးပွားကုန်ထုတ်လုပ်ငန်းများကို လေ့လာပြီးနောက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအရေးပါပုံ၊ ကုန်သွယ်ရေးအရေးပါပုံများကို လေ့လာသင်ကြားရမည်ဖြစ်သည်။

အခန်း (၃) သည် ပတ်ဝန်းကျင်ဆိုင်ရာ ပထဝီဝင်ဖြစ်ပြီး ကမ္ဘာ့လေထု၊ လေထုညစ်ညမ်းမှု၊ ၎င်း၏ အကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်သောနည်းလမ်းများ၊ ဥပမာအဖြစ် နိုင်ငံတချို့၏ လေထုညစ်ညမ်းမှုအခြေအနေများကို ရှင်းပြထားသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်၍ ကမ္ဘာ့လေထုညစ်ညမ်းစေသည့် အကြောင်းရင်းများ၊ လေထုညစ်ညမ်းမှုကြောင့် သက်ရှိနှင့် ဂေဟစနစ်အပေါ် ထိခိုက်မှုများ၊ ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းများကို လေ့လာကြရမည်ဖြစ်သည်။

အခန်း (၄) ဒေသန္တရပထဝီဝင်မှာ အမေရိကတိုက်များမှ ရွေးချယ်ထားသောနိုင်ငံ ၅ နိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနိုင်ငံ၊ ဘရာဇီးနိုင်ငံနဲ့ အာဂျင်တီးနားနိုင်ငံများအကြောင်း ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာတော့ နိုင်ငံတစ်နိုင်ငံချင်းစီ၏ မတူကွဲပြားစွာ ဖွံ့ဖြိုးတိုးတက်လာပုံများကို လေ့လာသင်ကြားကြရမည်ဖြစ်သည်။

အခန်း (၅) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာ (Remote Sensing) နှင့် ပထဝီဝင် သတင်းအချက်အလက်စနစ်များ (Geographic Information Systems) အကြောင်း ဖြစ်သည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာ၏ အခြေခံနိယာမများကို သိရှိစေပြီး ဂြိုဟ်တုပုံရိပ်များအကြောင်း နားလည်စေရန်နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များတွင် ပေါင်းစပ်ပါဝင်သော အခြင်းအရာများ၊ အသုံးပြုသော အချက်အလက်အမျိုးအစားများ၊ မြေပုံနှင့်သက်ဆိုင်သော အကြောင်းအရာများကို နားလည်သဘောပေါက်စေရန်ဖြစ်သည်။ လက်တွေ့ပထဝီဝင်အပိုင်းမှာ အခြေခံသဘောတရားများကို သိနားလည်ရန်အပြင် တွက်ချက်မှုများကိုလည်း ကျွမ်းကျင်ရန်လိုသည်။ အဆင့်မြင့်နည်းပညာတစ်ခုကို တက္ကသိုလ်အဆင့်တွင် ဆက်လက်လေ့လာနိုင်စေရန် အခြေခံများကို ထည့်သွင်းသင်ကြားထားခြင်းဖြစ်ပါသည်။

ဆက်လက်ပြီး ၂၀၂၅ ခုနှစ်တွင် ကျင့်သုံးမည့် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းပုံစံကို ရှင်းပြပါမည်။

မေးခွန်းတွင် အပိုင်း(က) မှ အပိုင်း (စ) အထိ အပိုင်း (၆) ပိုင်း ပါဝင်ကာ အပိုင်းအားလုံးကို ဖြေဆိုရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုချိန် ၃ နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်က (၁၀၀) ဖြစ်သည်။

သင်ရိုးသစ် ပထဝီဝင်ဘာသာရပ်မေးခွန်းတွင် အပိုင်း(က) သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်ပြီး အမှတ် (၃၀) ဖိုး မေးမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများအားလုံးကို ခြုံငုံသိရှိနားလည်စေရန်နှင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်စဉ်းစားဖြေဆိုသည့် အလေ့အကျင့်ကောင်းများရရန်အတွက် ဓမ္မဓိဋ္ဌာန်မေးခွန်းများကို အမှတ် (၃၀) အထိ ထည့်သွင်းထားခြင်းဖြစ်ပါသည်။ မေးခွန်းအားဖြင့် နံပါတ် (၁) ဖြစ်ကာ ၁(က)၊ ၁ (ခ) နှင့် ၁ (ဂ) ဟူ၍ ၃ ပိုင်း ပါရှိမည်။ မေးခွန်း ၁ (က) သည် မှား မှန်ရွေး၊ မေးခွန်း ၁(ခ) သည် ကွက်လပ်ဖြည့်ရန်နှင့် မေးခွန်း ၁ (ဂ) သည် ပေးထားသော အဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးရန်ဖြစ်သည်။ မေးခွန်း ၁ (က) အတွက် (၁၀) မှတ်၊ ၁ (ခ) အတွက် (၁၀) မှတ် နှင့် ၁ (ဂ)အတွက် (၁၀) မှတ်ဖြစ်ပြီး အပိုင်း (က) တစ်ခုလုံးအတွက် စုစုပေါင်း (၃၀) မှတ်ပေးထားခြင်းဖြစ်သည်။ ထို ဓမ္မဓိဋ္ဌာန်မေးခွန်းများကို ဒွါဒသမတန်း သင်ရိုးကျောင်းသုံးစာအုပ်ရှိ အခန်း (၁) မှ (၅) အထိ အပိုင်းအားလုံးမှ ထုတ်နုတ်ပြီး မေးမည်ဖြစ်သည်။

အပိုင်း(ခ) တွင် ပြဋ္ဌာန်းထားသည့် သင်ရိုးဖတ်စာအုပ်မှ သင်ခန်းစာ အခန်း (၁) ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်အပိုင်းကို မေးမည်ဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် (၂) ဖြစ်သည်။ ထိုမေးခွန်းနံပါတ် (၂) တွင် မေးခွန်းရှည် (Essay Type) တစ်ပုဒ် သို့မဟုတ် ပေးထားသည့် အကြောင်းအရာ ၃ ခုမှ ကြိုက်နှစ်သက်ရာ ၂ ခုကို မှတ်စုတိုအဖြစ် ရွေးချယ်၍ ဖြေဆိုနိုင်မည်။ မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက (၁၄) မှတ်ရပြီး ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ရွေးချယ်၍ မှတ်စုတိုဖြေက တစ်ပုဒ်ကို (၇) မှတ်စီဖြင့် (၁၄) မှတ် ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ (၁၄) မှတ်တန်ကို မေးခွန်းရှည်ဆိုပါက တစ်ပုဒ်တည်း ဖြေရန်ဖြစ်ပြီး ထိုမေးခွန်းရှည်ကို မဖြေလိုက ပေးထားသည့် ၃ ခုအနက် (၂) ပုဒ်ကို မေးခွန်းတိုအဖြစ် ဖြေရန်ဖြစ်သည်။

မေးခွန်း၏ အပိုင်း (ဂ) သည် သင်ရိုးဖတ်စာအုပ် မာတိကာပါ အခန်း ၂၊ ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် (၃) ဖြစ်သည်။ ယခု အပိုင်း (ဂ) တွင်လည်း အပိုင်း (ခ) မှာကဲ့သို့ မေးခွန်းရှည် တစ်ပုဒ် သို့မဟုတ် မေးခွန်းတို (၃) ပုဒ်မှ (၂) ပုဒ်ကို ရွေးချယ်ဖြေဆိုနိုင်ပြီး ပေးမှတ်မှာ (၁၄) မှတ်ဖြစ်သည်။

မေးခွန်း၏ အပိုင်း(ဃ) သည် ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်အပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် နံပါတ် (၄) ဖြစ်သည်။ ဤအပိုင်းတွင်လည်း ရှေ့ကအပိုင်း (ခ) နှင့် (ဂ) ကဲ့သို့ မေးခွန်းရှည် (Essay Type) တစ်ပုဒ် သို့မဟုတ် ပေးထားသည့် မေးခွန်းတို ၃ ခုအနက် ကြိုက်နှစ်သက်ရာ ၂ ခုကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ ပေးမှတ်မှာလည်း မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက (၁၄) မှတ်ဖြစ်ပြီး မေးခွန်းတို (၂) ပုဒ် ရွေးချယ်ဖြေဆိုပါက တစ်ပုဒ်လျှင် (၇) မှတ်နှုန်းဖြင့် (၁၄) မှတ် ဖြစ်သည်။

မေးခွန်းအပိုင်း (င) သည် ဒေသန္တရပထဝီဝင်အပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် (၅) ဖြစ်သည်။ ထိုအပိုင်းသည် အမေရိကတိုက်များမှ တချို့သောနိုင်ငံများကို ရွေးချယ်ထားခြင်းဖြစ်သည်။ ဤအပိုင်းတွင်လည်း ရှေ့အပိုင်းများကဲ့သို့ မေးခွန်းရှည်တစ်ပုဒ် သို့မဟုတ် ပေးထားသည့် အကြောင်းအရာ ၃ ခုအနက်မှ ကြိုက်ရာ (၂) ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ ထိုအပိုင်းအတွက် ပေးမှတ်မှာလည်း ရှေ့ကအပိုင်းများကဲ့သို့ (၁၄) မှတ် ဖြစ်သည်။

ယခုလာမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ်မေးခွန်းသည် အသစ်ပြောင်းလဲလာသော သင်ရိုးသစ်နှင့် လိုက်လျောညီထွေဖြစ်ပြီး ကျောင်းသား ကျောင်းသူများသည် ပြဋ္ဌာန်းထားသည့် ကျောင်းသုံးစာအုပ်ကို အလွတ်ကျက်၍ ဖြေဆိုမှုလျော့နည်းလာစေရန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဖြေဆိုသော စွမ်းရည် ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ပြုစုမည့်မေးခွန်းပုံစံမျိုးဖြစ်သည်။ ဆိုလိုသည်မှာ "တောင်အမေရိကတိုက်၏ သဘာဝပေါက်ပင်များအကြောင်းရေးသားပါ" ဆိုသော မေးခွန်းမျိုးထက် "တောင်အမေရိကတိုက်တွင် သဘာဝပေါက်ပင်နှင့် မြေဆီလွှာများ ပျံ့နှံ့တည်ရှိမှုကို ရှင်းပြ၍ အဘယ်ကြောင့် ကန္တာရများဖြစ်ပေါ်လာသည်ကို ဆန်းစစ်ပါ" ဟူသော မေးခွန်းပုံစံမျိုးဖြစ်သည်။

မေးခွန်းအပိုင်း(စ) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး မေးခွန်းအားဖြင့် နံပါတ် (၆) ဖြစ်သည်။ မေးခွန်းဖွဲ့စည်းပုံမှာ ရှေ့ကအပိုင်းများကဲ့သို့ပင်ဖြစ်သည်။ မေးခွန်းရှည် (၁) ပုဒ် သို့မဟုတ် မေးခွန်းတို (၂) ပုဒ်ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ သို့သော် လက်တွေ့ပထဝီဝင်တွင် အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာနှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များဟူ၍ အဓိကအပိုင်းကြီး ၂ ပိုင်းရှိရာ ၎င်းတို့အနက်မှ ၁ ပိုင်းသည် မေးခွန်းရှည်ဖြစ်က ကျန်အပိုင်းသည် မှတ်စုတိုရွေးချယ်ဖြေရန် အပိုင်းဖြစ်မည်။

မေးခွန်းရှည်အပိုင်းတွင် Essay Type ရေးသားဖြေဆိုရသော မေးခွန်းဖြစ်နိုင်သကဲ့သို့ တွက်ချက်ဖြေဆိုရသည့်ပုစ္ဆာများလည်း မေးနိုင်သည်။ ဥပမာအားဖြင့် ကွန်ပျူတာတွင် အချက်အလက်များသိမ်းဆည်းရန် လိုအပ်သောပမာဏကို ရှာဖွေခြင်းကဲ့သို့သော တွက်ချက်မှုများကို မေးသည့်အပိုင်းလည်း ပါဝင်နိုင်ပါသည်။ ထို့ပြင် ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာမှ ပုံများပေးထားပြီး တည်နေရာဆိုင်ရာ အချက်အလက်များကို မှတ်သားဖော်ပြနိုင်းသည့် မေးခွန်းမျိုးလည်းမေးနိုင်ပါသည်။ တွက်ချက်ရန်ပေးသော ပုစ္ဆာသည် အမှတ် (၁၄) မှတ်ဖိုး ဖြစ်နိုင်သကဲ့သို့ (၇) မှတ်တန် (၂) ပုဒ်ဖြေရသည်လည်း ရှိနိုင်ပါသည်။

နမူနာအားဖြင့် Remote Sensing အပိုင်းမှ တွက်ချက်ရန် (၁၄) မှတ်တန် ပုစ္ဆာတစ်ခုကို ရှင်းလင်းတွက်ပြပါမည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာတွင် လေ့လာမည့်ရည်ရွယ်ချက်များပေါ်မူတည်ပြီး ဂြိုဟ်တုနှင့် အာရုံခံကိရိယာ စနစ်အမျိုးမျိုးရှိသည်။ Grade-12 ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်၏ စာမျက်နှာ ၁၅၈ ရှိ ဇယားအမှတ် (၅.၃) တွင် ဂြိုဟ်တုများနှင့် ၎င်းတို့၏ လက္ခဏာရပ်များကို ဖော်ပြထားပါသည်။ ထိုဇယားတွင် ဖော်ပြထားသည့်အချက်များအနက် အိန္ဒိယနိုင်ငံမှ လွှတ်တင်ထားသော ဂြိုဟ်တု IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန် ပမာဏမည်မျှလိုမည်နည်းဆိုသည့် ပုစ္ဆာကို နမူနာအားဖြင့် ရှင်းလင်းတွက်ပြမည် ဖြစ်ပါသည်။ IRS LISS 4 နှင့်သက်ဆိုင်သော အချက်အလက်များကို မေးခွန်းတွင် ဖော်ပြပေးထားမည် ဖြစ်သည်။

ပထမဦးစွာ မေးခွန်းပုစ္ဆာတွင် ပေးထားသော အချက်အလက်များကို ချရေးရန်ဖြစ်သည်။ ပေးထားချက်များကို ရေးရာတွင် IRS LISS 4 ၏ အချက်အလက်များကို ရေးသားရန်ဖြစ်ပြီး အောက်ပါအတိုင်းရေးသားနိုင်သည်။

**ပေးထားချက်။** ။ ဂြိုဟ်တု = IRS
အာရုံခံကိရိယာ = LISS 4
ပုံရိပ်၏မြင်ကွင်းအကျယ် = ၂၄ ကီလိုမီတာ
မြေပြင်ပေါ်ရှိအရာဝတ္ထုများကိုအသေးစိတ်ခွဲခြားနိုင်မှု(တစ်နည်းအားဖြင့် မြေပြင်ရှိပစ်ဇယ်အရွယ်အစား) = ၅.၈ မီတာ
ပါဝင်သည့် ရောင်စဉ်စုအရေအတွက် (Band) = ၃ ခု
အရာဝတ္ထုမှ ဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားနိုင်မှု = ၇ ဘစ်

ထို့နောက် ပုစ္ဆာကမေးထားသော ရှာရန်အချက်ကို အောက်ပါအတိုင်း ရေးသားဖော်ပြပြီးလျှင် တွက်ချက်ခြင်းကို အဆင့်လိုက် တစ်ဆင့်ချင်းတွက်သွားရန်ဖြစ်သည်။

**ရှာရန်။** ။ ကွန်ပျူတာတွင် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ?

တွက်ချက်ရာတွင် တွက်နည်းအဆင့်ဆင့်ကို သဘောပေါက်နားလည်ရန်လိုသည်။ ထိုသဘောတရားကို နားလည်ထားပါက မည်သည့်ဂြိုဟ်တုဓာတ်ပုံ၊ မည်သည့်အာရုံခံကိရိယာအကြောင်းကို အခြေခံ၍ မေးစေကာမူ အလွယ်တကူတွက်ချက်ဖြေဆိုနိုင်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ သိရှိနားလည်ထားရမည်မှာ အာရုံခံကိရိယာမှ မှတ်တမ်းတင်သောပုံရိပ်များကို အတိုင်များ (Columns)၊ အတန်းများ (Rows) ဖြင့် ဖွဲ့စည်းထားသည့် သေးငယ်သော စတုရန်းဂရစ်ကွက်များအတွင်း မှတ်တမ်းတင်သိမ်းဆည်းသည်။ ၎င်းစတုရန်းဂရစ်ကွက် တစ်ကွက်ချင်းကို ပစ်ဇယ် (Pixel) ဟုခေါ်သည်။ တစ်နည်းအားဖြင့် ပစ်ဇယ်ဆိုသည်မှာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ မြေပြင်ပေါ်ရှိအရာဝတ္ထုများကို မှတ်တမ်းတင်နိုင်သည့် အသေးငယ်ဆုံး မြေပြင်ဧရိယာဖြစ်သည်။ ပစ်ဇယ်အရွယ်အစား (Pixel size) သေးသေးဖြင့် မှတ်နိုင်လေ၊ မြေပြင်ပေါ်ရှိအရာဝတ္ထုများ - ဥပမာ အဆောက်အဦ၊ ကားလမ်း စသည်တို့ကို ပို၍အသေးစိတ်ထင်ရှားပြတ်သားစွာ တွေ့ရလေဖြစ်သည်။ ဥပမာအားဖြင့် ပစ်ဇယ်အရွယ်အစား ၄ မီတာသည် ၃၀ မီတာထက် ပုံရိပ်ကို ပို၍ထင်ရှားပြတ်သားစွာ အသေးစိတ်မြင်ရမည်ဖြစ်သည်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ကျောင်းသား ကျောင်းသူများအနေဖြင့် နောက်ထပ်သိထားရမည့်အချက်မှာ ဂြိုဟ်တုဓာတ်ပုံဆိုသည်မှာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ ကမ္ဘာ့မျက်နှာပြင်ရှိ အခြင်းအရာများကို မှတ်တမ်းတင်ကူးယူခြင်းဖြစ်သည်။ ယခုပုစ္ဆာတွင် ပေးထားသော IRS LISS 4 မှ ရိုက်ယူသော ပုံရိပ်၏ မြင်ကွင်းအကျယ်သည် ၂၄ ကီလိုမီတာဖြစ်သည်။ ၎င်းမှာမြေပြင်ပေါ်တွင် အလျား ၂၄ ကီလိုမီတာနှင့် အနံ ၂၄ ကီလိုမီတာ ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် မြေပြင်အလျား ၂၄ ကီလိုမီတာပေါ်တွင် ပစ်ဇယ်အရွယ်အစား ၅.၈ မီတာ ရှိသော အကွက်များဖြင့် တစ်လိုင်းချင်း မှတ်တမ်းတင်သွားမည်ဖြစ်၍ ပုံရိပ်တွင်ရှိသော အတန်းလိုက် (အလျားလိုက်) မျဉ်းအရေအတွက်ကို ရှာရန် လိုအပ်သည်။ ထိုမျဉ်းအရေအတွက်ကိုရရန် အလျား ၂၄ ကီလိုမီတာကို မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား (Pixel size) ၅.၈ မီတာနှင့် စားရမည်ဖြစ်သည်။ အရင်ဆုံး ၂၄ ကီလိုမီတာကို ယူနစ်တူအောင် မီတာသို့ ပြောင်းရန်လိုသည်။ ၂၄ ကီလိုမီတာကို ၁၀၀၀ မီတာနှင့် မြှောက်ရမည် (၂၄ ကီလိုမီတာ X ၁၀၀၀ မီတာ)။ မြှောက်၍ရသောကိန်းကို မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား (Pixel size) ၅.၈ မီတာဖြင့် စားပါက ပုံရိပ်တွင်ရှိသော အလျားလိုက် တန်းအရေအတွက် ၄၁၃၈ ကို ရမည်ဖြစ်သည်။

ထို့နောက် ပုံရိပ်တွင်ရှိသော အလျားလိုက် တန်းတစ်တန်းတွင်ပါဝင်မည့် ပစ်ဇယ်အရေအတွက်ကို ရှာရန် လိုသေးသည်။ ၎င်းအရေအတွက်ကို ရှာရန်ပုံရိပ်၏မြင်ကွင်းအကျယ် (တစ်နည်းအားဖြင့် အာရုံခံကိရိယာမှ မြင်တွေ့ရသော မြေပြင်၏အနံ သို့မဟုတ် ဒေါင်လိုက်အကျယ်) ၂၄ ကီလိုမီတာကို မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာဖြင့် စားရန်လိုသည်။ ဤသို့တွက်ချက်ရာတွင်လည်း ယူနစ်တူအောင် ပြောင်းပေးရန်လိုသဖြင့် ၂၄ ကီလိုမီတာကို ၁၀၀၀ ဖြင့် မြှောက်ကာ မီတာအဖြစ်ပြောင်းပြီး ၅.၈ မီတာဖြင့် စားရန်ဖြစ်သည်။ ရရှိသောအဖြေ ၄၁၃၈ သည် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင် အရေအတွက်ပင်ဖြစ်သည်။

ဤနေရာတွင် ဖြည့်စွက်ရှင်းလင်းလိုသည်မှာ ယခု ပုစ္ဆာတွင်ပေးထားသော ဂြိုဟ်တုပုံရိပ်များရှိ ပစ်ဇယ်များသည် အတိုင် အတန်းပါသော စတုရန်းဂရစ်ကွက်များဖြင့် ဖွဲ့စည်းထားသောကြောင့် အလျားလိုက် (အတန်း) ရှိသော ပစ်ဇယ်တန်ဖိုးများနှင့် ဒေါင်လိုက် (အတိုင်) ရှိသော ပစ်ဇယ်တန်ဖိုးများသည် အတူတူပင်ဖြစ်သည်။ သို့သော် တချို့ဂြိုဟ်တုပုံရိပ်များသည် အလျား (တန်း) နှင့် အနံ (တိုင်) မတူသည်များလည်း ရှိသည်ကို သိထားရန်လိုသည်။

ဆက်လက်၍ ပုံရိပ်မြင်ကွင်းတစ်ခုလုံး၏ ပစ်ဇယ်စုစုပေါင်းကိုရရန် ပုံရိပ်ရှိ အလျားလိုက် တန်းအရေအတွက်နှင့် ပုံရိပ်တွင်ရှိသောဒေါင်လိုက်တိုင်အရေအတွက်ကို မြှောက်ရန်ဖြစ်သည်။ ပုစ္ဆာတွင် ပေးထားသည့် IRS LISS 4 တွင် ရောင်စဉ်စုအရေအတွက်သည် ၃ ခုဖြင့် ရိုက်ကူးထားသောကြောင့် ၃ နှင့် ထပ်မြှောက်ပေးရန်လိုသည်။ ၄၁၃၈ X ၄၁၃၈ X ၃ = ၅၁၃၆၉၁၃၂ ပစ်ဇယ်ရမည်။ ၁ မီဂါပစ်ဇယ်တွင် ပစ်ဇယ်ပေါင်းတစ်သန်းရှိ၍ မြှောက်၍ရသောအဖြေကို တစ်သန်းဖြင့် စားက ၅၁.၃၇ မီဂါပစ်ဇယ်ကိုရမည်။ ထိုအဖြေသည် ပုံရိပ်တွင်ပါဝင်သော စုစုပေါင်းပစ်ဇယ်အရေအတွက်အဖြစ်သာ ရှိသေးသည်။

ပေးထားသောမေးခွန်းသည် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းနိုင်မည့် ပမာဏဟု မေးထားခြင်းဖြစ်သည့်အတွက် ရရှိလာသော ပစ်ဇယ်စုစုပေါင်းကို ကွန်ပျူတာတွင် အချက်အလက် သိမ်းဆည်းရန် လိုအပ်သောပမာဏအဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဆက်လက်တွက်ချက်ပေးရန်လိုသည်။

ဤနေရာတွင် ကျောင်းသားများ သိရှိနားလည်ထားရမည်မှာ အရာဝတ္ထုမှ ဖြာထွက်သော လျှပ်စစ်သံလိုက်စွမ်းအင်များ၏ အသေးစိတ်ခွဲခြားနိုင်မှု အတိုင်းအတာများကို ပစ်ဇယ်များအတွင်း မှတ်တမ်းတင်ရာတွင် “ဘစ်” အရေအတွက်ဖြင့် ဖော်ပြလေ့ရှိသည်။ ကွန်ပျူတာတွင် သိမ်းနိုင်သည့် ပမာဏ (Memory Storage) ကို “ဘစ်”၊ “ဘိုက်”၊ “မီဂါဘိုက်” စသည်တို့ဖြင့် ပြလေ့ရှိသည်။ ထို့ကြောင့် ပစ်ဇယ်တန်ဖိုး **ဘစ်** မှ **ဘိုက်** သို့ ယူနစ်ပြောင်းရန်လိုလာသည်။ ၈ ဘစ်လျှင် ၁ ဘိုက်ရှိသဖြင့် ပုစ္ဆာတွင်ပေးထားသော IRS LISS 4 ၏ အရာဝတ္ထုမှ ဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားနိုင်မှု ၇ ဘစ် အား ၈ ဘစ်ဖြင့် စားပါက ကွန်ပျူတာတွင် ပစ်ဇယ် ၁ ခုကို သိမ်းနိုင်သောပမာဏ ၀.၈၈ ဘိုက်ကိုရမည်။

ဤနေရာတွင် ပိုမိုနားလည်အောင် ဖြည့်စွက်ရှင်းပြချင်သည်မှာ ဂြိုဟ်တုနှင့် တပ်ဆင်ထားသော အာရုံခံကိရိယာများပေါ်မူတည်၍ ပစ်ဇယ်တန်ဖိုးများ ကွဲပြားသည်။ ထိုသို့ ပစ်ဇယ်တန်ဖိုးကွဲပြားလျှင် ကွန်ပျူတာတွင် မှတ်တမ်းတင်သိမ်းဆည်းနိုင်သော ပမာဏလည်း ကွဲပြားသည်။

တွက်ချက်၍ရရှိထားသော ပစ်ဇယ်စုစုပေါင်း (၅၁.၃၇ မီဂါပစ်ဇယ်) ကို ကွန်ပျူတာတွင် မှတ်နိုင်သော ပမာဏ ၀.၈၈ ဘိုက်ဖြင့် မြှောက်ပါက ၄၅.၂ မီဂါဘိုက်ကို ရရှိမည်ဖြစ်သည်။ ထို့ကြောင့် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက်ဆိုသည့် အဖြေကိုရမည် ဖြစ်သည်။

တွက်ချက်ပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

**တွက်ချက်ခြင်း။**

ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် $= \dfrac{\text{အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏အလျား}}{\text{မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား}}$

$= \dfrac{\text{၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$ (၁ ကီလိုမီတာ=၁၀၀၀ မီတာ)

$= \dfrac{\text{၂၄၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် $= \dfrac{\text{အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏အနံ}}{\text{မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား}}$

$= \dfrac{\text{၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$

$= \dfrac{\text{၂၄၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်တွင်ပါဝင်သောပစ်ဇယ်စုစုပေါင်း = ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် X ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် X ရောင်စဉ်စုအရေအတွက်

= ၄၁၃၈ X ၄၁၃၈ X ၃

= ၅၁၃၆၉၁၃၂ ပစ်ဇယ်

= ၅၁.၃၇ မီဂါပစ်ဇယ် (၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ၅၁.၃၇ မီဂါပစ်ဇယ် X ၀.၈၈ ဘိုက်

= ၄၅.၂ မီဂါဘိုက်

ထို့ကြောင့် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဖြစ်သည်။

အထက်တွင် အဆင့်လိုက် တွက်ပြသည်များကို လေ့လာပြီး ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၅၈ ရှိ ဇယားနံပါတ် ၅.၃ တွင်ဖော်ပြထားသော Landsat ဂြိုဟ်တု၊ SPOT ဂြိုဟ်တုများနှင့် ၎င်းတို့၏ အချက်အလက်များကို အသုံးပြုပြီး အတွက်ပုစ္ဆာများကို လေ့ကျင့်တွက်ချက်သင့်ပါသည်။ ဤအပိုင်းတွင် တွက်ချက်ရသည့် ပုစ္ဆာရှည်များကို အမှတ် (၁၄) မှတ်ဖိုး မေးနိုင်သည်သာမက ဂြိုဟ်တုပုံရိပ်များနှင့် စပ်လျဉ်း၍ တွက်ချက်မှုတစ်စိတ်တစ်ပိုင်းကို (၇) မှတ်တန်အဖြစ်လည်း မေးနိုင်သည်ကို သတိပြုသင့်သည်။

နမူနာ ပုစ္ဆာအနေဖြင့် ဖြတ်ထုတ်ထားသော ပုံရိပ်တစ်ခု၏ မြေပြင်အတိုင်းအတာသည် ၁၀၀ ကီလိုမီတာ x ၈၀ ကီလိုမီတာ၊ မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၁၅ မီတာ၊ ရောင်စဉ်စုအရေအတွက် ၄ ခုနှင့် မှတ်တမ်းတင်ထားသော် ၎င်းပုံရိပ်တွင် ပစ်ဇယ်စုစုပေါင်းမည်မျှရှိမည်နည်း။

ဦးစွာ ပုစ္ဆာတွင်ပေးထားချက်များနှင့် ရှာရန်ကိုရေးမည်။ ထို့နောက် တွက်ချက်ခြင်းအပိုင်းတွင် အတန်းလိုက်ပစ်ဇယ်အရေအတွက်နှင့် အတိုင်လိုက် ပစ်ဇယ်အရေအတွက်များကို အရင်ရှာရမည်။ ထိုသို့ရှာရာတွင် ယူနစ်တူစေရန် ကီလိုမီတာကို မီတာသို့ ပြောင်းလဲပေးရမည်ဖြစ်၍ ၁၀၀၀ မီတာနှင့်မြှောက်ရန်ဖြစ်သည်။ ထို့နောက် အတန်းနှင့် အတိုင် ၂ ခုတွင်ရှိသော ပစ်ဇယ်အရေအတွက်ကို မြှောက်ပြီး ၎င်းကို ပေးထားသည့် ရောင်စဉ်စုအရေအတွက်နှင့် ထပ်မံမြှောက်ပါက စုစုပေါင်း ပစ်ဇယ်အရေအတွက်ကို ရမည်ဖြစ်သည်။ ၎င်းအရေအတွက်ကို တစ်သန်းဖြင့် စားပါက စုစုပေါင်း မီဂါပစ်ဇယ်ကို ရမည်ဖြစ်ပါသည်။

**ပေးထားချက်။**

မြေပြင်အတိုင်းအတာ = ၁၀၀ ကီလိုမီတာ X ၈၀ ကီလိုမီတာ

မြေပြင်ရှိပစ်ဇယ်အရွယ်အစား = ၁၅ မီတာ

ရောင်စဉ်စုအရေအတွက် = ၄ ခု

**ရှာရန်။**

ပုံရိပ်ရှိ ပစ်ဇယ်စုစုပေါင်း = ?

**တွက်ချက်ခြင်း။**

အတန်းအတွက် ပစ်ဇယ်စုစုပေါင်း $= \dfrac{\text{ပုံရိပ်၏မြင်ကွင်းအကျယ် (အလျား)}}{\text{မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား}}$

$= \dfrac{\text{၁၀၀ x ၁၀၀၀}}{\text{၁၅}}$ (၁ ကီလိုမီတာ = ၁၀၀၀ မီတာ)

= ၆၆၆၆.၆၇ ပစ်ဇယ်

= ၆၆၆၇ ပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

အတိုင်အတွက် ပစ်ဇယ်စုစုပေါင်း $= \dfrac{\text{ပုံရိပ်၏မြင်ကွင်းအကျယ် (အနံ)}}{\text{မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား}}$

$= \dfrac{\text{၈၀ x ၁၀၀၀}}{\text{၁၅}}$ (၁ ကီလိုမီတာ = ၁၀၀၀ မီတာ)

= ၅၃၃၃.၃၃၃၃

= ၅၃၃၃ ပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

ပစ်ဇယ်စုစုပေါင်း = အတန်းရှိပစ်ဇယ်စုစုပေါင်း x အတိုင်ရှိပစ်ဇယ်စုစုပေါင်း x ရောင်စဉ်စုအရေအတွက်

= ၆၆၆၇ x ၅၃၃၃ x ၄

= ၁၄၂၂၂၀၄၄၄ ပစ်ဇယ်

= ၁၄၂၂၂၀၄၄၄ ÷ ၁၀၀၀၀၀၀ (၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

= ၁၄၂.၂၂၀၄၄၄ မီဂါပစ်ဇယ်

ပစ်ဇယ်စုစုပေါင်း = ၁၄၂ မီဂါပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

ထို့ကြောင့် ပစ်ဇယ်စုစုပေါင်းမှာ ၁၄၂ မီဂါပစ်ဇယ် ဖြစ်သည်။

လက်တွေ့ပထဝီဝင်ပိုင်းမှာ နောက်ထပ်လေ့ကျင့်ရမည့်အပိုင်းကတော့ ပထဝီဝင်သတင်းအချက်အလက်စနစ်များ အပိုင်းဖြစ်ပါသည်။ ပထဝီဝင်သတင်းအချက်အလက်များကို အသုံးပြုမည်ဆိုလျှင် ပထဝီဝင်ဆိုင်ရာအယူအဆအချို့ဖြစ်သည့် တည်နေရာ (Location)၊ ဦးတည်ရာ (Direction)၊ အကွာအဝေး (Distance)၊ နေရာ (Space)နှင့် သွားလာရေး (Navigation) တို့ကို နားလည်ရန်လိုအပ်ပြီး ထိုသတင်းအချက်အလက်များကိုဖော်ပြသော ဗက်တာ၊ ရာစတာတို့၏ အခြေခံသဘောတရားကို နားလည်ရန် လိုအပ်သည်။


ဗက်တာအခြေခံပထဝီဝင်ဆိုင်ရာအချက်အလက်များကို ဖော်ပြရာတွင် နေရာအလိုက်အချက်အလက်များဖြစ်သည့် ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိအခြင်းအရာများကို အမှတ်များ၊ မျဉ်းများ၊ ဧရိယာများဖြင့် ကိုယ်စားပြုဖော်ပြလေ့ရှိသည်။

အမှတ်တစ်ခုသည် တည်နေရာကိုသာ ဖော်ပြနိုင်သည်။ ဥပမာ မြေပုံများတွင် တောင်ထိပ်များ၊ ဘုရားများ၊ ဆေးရုံများကို အမှတ် (တစ်နည်းအားဖြင့် အစက်) ဖြင့် ပြလေ့ရှိတယ်။ မျဉ်းတစ်ကြောင်းကို ဖော်ပြရာတွင်မူ ထိုမျဉ်း၏ တည်နေရာအပြင် အလျားအတိုင်းအတာကိုလည်း ဖော်ပြသည်။ ၎င်းမျဉ်း၏ စမှတ်နှင့် ဆုံးမှတ်ဟု အမှတ်နှစ်ခုပါဝင်ပြီး ၎င်းအမှတ်များကြားတွင် နောက်ထပ်အမှတ်များလည်း ရှိနိုင်သည်။ ထိုမျဉ်း၏ တည်နေရာကို အစဉ်လိုက်ရှိသော x, y ကို သြဒိနိတ်များဖြင့် ဖော်ပြနိုင်သည်။ မျဉ်းများသည် မျဉ်းဖြောင့် သို့မဟုတ် မျဉ်းကွေးများလည်း ရှိနိုင်သည်။ ဥပမာအားဖြင့် မြေပုံများတွင် ကားလမ်းများ၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြခြင်းမျိုးဖြစ်သည်။

ဤအပိုင်းအတွက် ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၇၆ နှင့် ၁၈၈ တို့တွင်ပါရှိသည့် ပုံများကဲ့သို့ ပုံတစ်ပုံပေးထားပြီး ပေးထားသောပုံမှ အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကို ဖော်ပြပါဟူသော မေးခွန်းမျိုးလေ့ကျင့်ထားသင့်ပါသည်။ နမူနာအဖြစ် အောက်ဖော်ပြပါပုံတွင် ပေးထားသော အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကိုဖော်ပြပါဆိုသည့်မေးခွန်းကို လေ့လာကြည့်မည်။

*စာမျက်နှာ ၁၈ သို့*

စာမျက်နှာ ၁၇ မှ




ဖြေဆိုချက်။

(ဇယား - က)

| မျဉ်းပိုင်းအမည် | ဘယ်ဘက်ရှိဧရိယာ | ညာဘက်ရှိဧရိယာ |
|---|---|---|
| A | 100 | 101 |
| B | 100 | 102 |
| C | 100 | 103 |
| D | 102 | 101 |
| E | 103 | 102 |
| F | 103 | 101 |

(ဇယား - ခ)

| ဧရိယာအမည် | ပါဝင်သောမျဉ်းပိုင်းများ |
|---|---|
| 101 | A, D, F |
| 102 | B, D, E |
| 103 | C, F, E |

(ဇယား - ဂ)

| မျဉ်းပိုင်းအမည် | မျဉ်းပိုင်းတို့၏ X, Y ကိုဩဒိနိတ်အမှတ်များ |
|---|---|
| A | (1,3) (1,9) (4,9) |
| B | (4,9) (9,9) (9,6) |
| C | (6,9) (1,9) (1,1) (1,3) |
| D | (4,9) (4,7) (5,5) (5,3) |
| E | (6,9) (7,3) (5,3) |
| F | (5,3) (1,3) |

ပေးထားသောပုံတွင် မျဉ်းတစ်ကြောင်းချင်းစီ၏ တည်နေရာဆိုင်ရာတန်ဖိုးများကို သတ်မှတ်ရာတွင် ပထမဦးစွာ ထိုမျဉ်းပိုင်းများ၏ ဘယ်ဘက်နှင့်ညာဘက်ရှိ ဧရိယာများကို (ဇယား - က) တွင် ပြထားသကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ထို့နောက် ၎င်းဧရိယာများကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများကို (ဇယား - ခ) ကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ပြီးနောက် ထိုဧရိယာအလိုက် ဖွဲ့စည်းထားသော မျဉ်းပိုင်းတစ်ခုစီ၏ X, Y ကို ဩဒိနိတ်အမှတ်များကို အောက်တွင်ပြထားသည့် ဇယားအတိုင်း (ဇယား - ဂ) မျဉ်းပိုင်းအလိုက် ဖော်ပြပေးရန်ဖြစ်သည်။ ဤသို့ဖြင့် မေးခွန်းတွင် ရှာခိုင်းသော အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ၏ ဆက်စပ်မှုကို လွယ်ကူစွာ ဖော်ပြနိုင်မည်ဖြစ်သည်။

ပထဝီဝင် သတင်းအချက်အလက်စနစ်များ သင်ခန်းစာတွင် အခြေခံသီအိုရီသဘောတရားများကို သိနားလည်ထားရမည့်အပြင် ဗက်တာဆိုင်ရာ အခြေခံအချက်အလက်များ၊ ရာစတာဆိုင်ရာ အခြေခံအချက်အလက်များကို ပုံများပေး၍ အမှတ်များ၊ မျဉ်းများ၊ ဧရိယာနှင့်ဆက်စပ်သော အကြောင်းအရာအချက်အလက်များကို ဖော်ပြခိုင်းသည့် လေ့ကျင့်ခန်းများကိုလည်း ကြိုတင်လေ့ကျင့်ထားကြရန် လိုအပ်ပါသည်။

အနှစ်ချုပ်တင်ပြရမည်ဆိုပါက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ် မေးခွန်းသည် အလွတ်ကျက်ဖြေခြင်းမှ အထိုက်အလျောက် ကင်းလွတ်ပြီး စဉ်းစားတွေးခေါ်ဖြေဆိုရမည့် အပိုင်းများ ရှိသော်လည်း ကျောင်းသားများ အလွယ်တကူဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ယခုပို့ချချက်သည် ကျောင်းသားများအတွက် များစွာအထောက်အကူ ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

လာမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများအားလုံး ပထဝီဝင်ဘာသာရပ်ကို အခက်အခဲမရှိ ထူးချွန်စွာ ဖြေဆိုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

## ပျဉ်းမနားမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်း လွှဲပြောင်း

**ပျဉ်းမနား ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြို့တန်းကျေးရွာနှင့် သာယာစုကျေးရွာများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်း လုပ်ငန်းများ ချပြရှင်းလင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပသည်။



မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက အမှာစကားပြောကြားကာ စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းများ လွှဲပြောင်းအပ်နှံရခြင်း ရည်ရွယ်ချက်များနှင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကျေးရွာကော်မတီများထံသို့ လုပ်ငန်း လွှဲပြောင်း မှတ်တမ်းလွှာကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျေးရွာ နှစ်ရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်း အုတ်စီရေမြောင်း တူးဖော်ခြင်း လုပ်ငန်းများကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေများကို အသုံးပြုကာ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ပထမပတ်မှ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## ကလောမြို့နယ် တောင်မြေခြား-မြောက်မြေခြားလမ်း ကတ္တရာလမ်းအဆင့်မြှင့်တင်



**ကလော ဒီဇင်ဘာ ၂၅**

ကလောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဟဲဟိုး-ဘော်ဆိုင်းလမ်းမှ တောင်မြေခြား - မြောက်မြေခြားလမ်း ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုနေရာသို့ ကွင်းဆင်းစစ်ဆေးခြင်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်းသန့်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဟန်ကိုကိုစိုး တို့သည် ဟဲဟိုး - ဘော်ဆိုင်းလမ်းမှ တောင်မြေခြား - မြောက်မြေခြားရွာ ကျောက်ချောလမ်း အရှည် ၁ မိုင် ၆ ဒသမ ၈၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ၃ ကိုးလက်မရှိ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တောင်မြေခြား - မြောက်မြေခြားလမ်းကို ခွင့်ပြုရန်ပုံငွေကျပ် ၅၀၈ ဒသမ ၆၁၆ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး၏ ၈၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ ၂၂

## တွံတေး မြို့မဈေးရုံတန်း အဆင့်မြှင့်တည်ဆောက်မှုပြီးစီး

**တွံတေး ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးအတွင်းရှိ သားငါးတန်းဈေးရုံကို အဆင့်မြှင့်တည်ဆောက်ခဲ့ရာ



ယခုအခါ ပြီးစီးသွားပြီဖြစ်သဖြင့် ဈေးရောင်းချသူများ၊ ဈေးဝယ်သူများ စိတ်အေးချမ်းသာစွာ ဝယ်ယူနိုင်ပြီ ဖြစ်သည်။

အဆိုပါစည်ပင်သာယာမြို့မဈေး၌ ဆိုင်ခန်းပေါင်း ၉၀၇ ခန်းရှိပြီး ဈေးဝယ်သူများ စိတ်အေးချမ်းသာစွာနှင့် သန့်ရှင်းသောဈေးတွင် ဝယ်ယူစားသုံးနိုင်စေရန်အတွက် ၂၀၂၄ ဘဏ္ဍာနှစ် စည်ပင်သာယာအဖွဲ့ပိုင်အတွင်းရှိ သားငါးတန်းဈေးရုံအဆင့်မြှင့်တင် တည်ဆောက်ခြင်းကို ဆောင်ရွက်ခဲ့ရာ ယခုအခါပြီးစီးပြီဖြစ်သည်။

အဆိုပါ သားငါးတန်းဈေးရုံအဆင့်မြှင့် တည်ဆောက်ခြင်းကို အလျား ၁၈၄ ပေ၊ အနံ ၃၄ ပေ၊ အမြင့်ပေ ၂၀ ကို ငွေကျပ် ၃၄၂ ဒသမ ၇၂ သန်းဖြင့် ဆိုင်ခန်းပေါင်း ၈၄ ခန်းကို ဆောက်လုပ်ပေးကြောင်း သိရသည်။

**မျိုးလှိုင် (တွံတေး)**

## (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ ပြိုင်ပွဲများ ကျင်းပ



**မော်လမြိုင် ဒီဇင်ဘာ ၂၅**

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံ ပညာအထက်တန်း ကျောင်းတို့ ပူးပေါင်း၍ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာ ပေးဟောပြောပွဲနှင့် ပြပွဲ ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၄ ရက်က လူထု အခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပ သည်။

ဦးစွာ ခရိုင်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားပြီး အလယ်တန်းဆင့် ပန်းချီပြိုင်ပွဲ ကို ကျောင်းသား ကျောင်းသူ ၂၀ ဖြင့်လည်းကောင်း၊ မူလတန်းဆင့် ကဗျာရွတ်ဆို ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ၁၀ ဦး ဖြင့်လည်းကောင်း ကျင်းပ ဆောင်ရွက်သည်။

ဦးစွာ လက်ထောက်ညွှန်ကြား ရေးမှူး ဦးအောင်ဗိုလ်ဗိုလ်က ကျောင်းသား ကျောင်းသူများ အနေဖြင့် မြန်မာနိုင်ငံ၏ နေ့ထူး နေ့မြတ်များအကြောင်း သိရှိနိုင် စေရန် လွတ်လပ်ရေးနေ့ အထိမ်း အမှတ် အခမ်းအနားပြိုင်ပွဲများ ကျင်းပရခြင်း ဖြစ်ကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း များနှင့် သိကောင်းစရာများ၊ လွတ်လပ်ရေးကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရမည် ဖြစ် ကြောင်း စသည်ဖြင့် အသိပညာ ပေး ဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ပုံပြင်ပြော ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ရေပေါ်ဘောလုံးမှုတ် ပြိုင်ပွဲ၊ ခါးလှည့်ပြိုင်ပွဲ၊ ပူဖောင်းမှုတ် ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကြရာ တာဝန်ရှိသူများ က ဆုရရှိသူများအား အမှတ်တရ လက်ဆောင်များ ပေးအပ် ချီးမြှင့်ခဲ့သည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## ဒေးဒရဲမြို့နယ် စက်သုံးဆီအရောင်းဆိုင်များနှင့် နေအိမ်များကို မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေး

**ဒေးဒရဲ ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့၌ အုန်းပင်ကျေးရွာအုပ်စုရှိ စက်သုံးဆီ အရောင်းဆိုင်များနှင့် နေအိမ်များကို မီးဘေးလုံခြုံရေးကွင်းဆင်း စစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၄ ရက်က ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော် မင်းဦး၊ မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းမောင် ဦးဆောင် မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများ ပူးပေါင်း၍ အုန်းပင်ကျေးရွာရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ် ကင်းရှင်းရေး၊ မီးသတ်ပစ္စည်းကိရိယာများ ပြည့်စုံစွာထားရှိနိုင်ရေးနှင့် နည်းစနစ်မှန်ကန်စွာ အသုံးပြုနိုင်စေရေး စစ်ဆေးခဲ့သည်။ ဆက်လက် ၍ ကျေးရွာအတွင်းရှိ နေအိမ်များကို မီးဘေးလုံခြုံရေး ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**သိဒ္ဓိအောင်**

## လမ်းမတော်မြို့နယ်၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပရန် ညှိနှိုင်းအစည်းအဝေး ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်း ဒေသကြီး လမ်းမတော်မြို့နယ်၌ (၇၇) နှစ် မြောက် လွတ်လပ်ရေးနေ့ အထိမ်း



အမှတ်အကြို ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပရန်အတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ် သည်။

ပွဲတော်ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်က (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပျော်ပွဲရွှင်ပွဲ နှင့် ဈေးရောင်းပွဲတော်ကို ကျင်းပရန် တည်ငြိမ်ရေး၊ လုံခြုံ ရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် ပြောကြားပြီး တာဝန်ရှိသူများက လိုအပ်ချက်များကို ဆွေးနွေး တင်ပြပြီး မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်း (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော် ကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက် အထိ ကျင်းပမည်ဖြစ်ပြီး လမ်းမတော်မြို့နယ်ရှိ အနော်ရထာ လမ်းတစ်လျှောက် (၁) လမ်းထိပ်မှ လမ်းမတော်လမ်းအထိ ဆိုင်ခန်း ပေါင်း ၂၀၀ ကျော် ဖွင့်လှစ်ရောင်းချ မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**




## ဒဂုံမြို့နယ် မြို့နယ်သမဝါယအသင်းစု နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း မြို့နယ်သမဝါယမအသင်းစု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အသင်းသားများကို အစုပေါ်အမြတ် ငွေပေးအပ်ခြင်း အခမ်းအနားကို မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ ၌ ဒီဇင်ဘာ ၂၃ ရက်က ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိ ဒေါ်ခင်စောဦးက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသင်းက သမဝါယမလုပ်ငန်းစဉ် များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ဆောင်ရွက်မည့် သမဝါယမအသင်းစု၏ ရှေးလုပ်ငန်းစဉ်များ ဆွေးနွေး သည်။ ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ကာလအတွက် အသင်းစာရင်းစစ် အစီရင်ခံစာ နှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားပြီး တက်ရောက်လာသော အသင်းဝင် ၃၀ အား တစ်ဦးလျှင် အစုပေါ်အမြတ်ငွေများနှင့် မြေပဲဆီ သန့် တစ်ပိဿာစီ ပေးအပ်သည်။

**လှဲ့လှဲ့(ပြန်/ဆက်)**

## မြဝတီမြို့၌ ဝမ်းပျက် ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန် ကွင်းဆင်းစစ်ဆေး

**မြဝတီ ဒီဇင်ဘာ ၂၅**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် ပြင်းထန် ဝမ်းပျက် ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ခြင်း အနေဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးသည့် လုပ်ငန်းများ ကွင်းဆင်း စစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၄ ရက်က မြို့နယ်ကျန်းမာရေးဌာန နှင့် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများက ပူးပေါင်း ဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ခရိုင်စားသုံးသူရေးရာဦးစီး ဌာနမှူး ဦးနိုင်မိုးကိုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးတို့၏ ဦးဆောင်မှုဖြင့် ပူးပေါင်းအဖွဲ့တို့သည် မြဝတီမြို့နယ်အတွင်းရှိ မြဝတီရွှေပြည် (ရေပေးဝေရေး)ကုမ္ပဏီမှ မြို့တွင်းရေပေးဝေရေးစနစ်တွင် အသုံးပြု သွယ်တန်းထားသည့် ရေပိုက်များကောင်းမွန်မှု ရှိ မရှိ စစ်ဆေးခြင်းနှင့် ဖြန့်ဝေပေးသည့် ရေအရည်အသွေး ရေသန့်စင်မှုနှုန်း စံသတ်မှတ်ချက် ပြည့်မီမှု ရှိ မရှိ တို့ကိုလည်းကောင်း၊ Nice သောက်ရေသန့်နှင့် စံပယ်လှိုင်သောက်ရေသန့် စက်ရုံတို့ကို စစ်ဆေးရာ ရေသန့်ဘူးများ ထုတ်လုပ်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့် အညီ လိုက်နာမှု ရှိ မရှိ စစ်ဆေးခြင်း၊ ရေသန့်ဘူးခွံများသန့်ရှင်းမှု ရှိ မရှိ ရေသန့်ဘူးများကို နေရောင်ခြည်တိုက်ရိုက်ထိတွေ့မှု မရှိစေရေး စစ်ဆေးခြင်း၊ ရေသန့်ဘူးများ ပို့ဆောင်ရာတွင် အမိုးပါသော မော်တော် ယာဉ်များဖြင့် သယ်ဆောင်ကြရေးတို့ကို သိရှိလိုက်နာကြရန် စစ်ဆေး ခဲ့ကြကြောင်း သိရသည်။

**ဇာဖြူဝင်း(မြဝတီ)**





## သာစည်မြို့နယ်၌ မီးဘေးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်

**သာစည် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မီးသတ်ဦးစီးဌာနက သာစည် မြို့ အမှတ်(၁) ငါးဆူတိုးချဲ့ရပ်ကွက်ရှိ ၉၉၉ သံမဏိစက်ရုံ၌ ဒီဇင်ဘာ ၂၄ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် မီးသတ်ဆေးဘူးအသုံးပြုနည်းပြသပေးကာ လက်တွေ့မီးငြိမ်းသတ်ခြင်း များ ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက စက်ရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးသည်။ ထို့နောက် စက်ရုံတာဝန်ခံဦးကျော်ကျော်သန်းနှင့် စက်ရုံ လုပ်သားများအား မီးဘေးလုံခြုံရေး အကြံပြုချက်များပေးခြင်း၊ မီးဘေး ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေး ဘူး စနစ်တကျ အသုံးပြုနည်းများပြသပေးကာ စက်ရုံလုပ်သားများအား လက်တွေ့မီးငြိမ်းသတ်စေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၌ ပညာရည်ချွန်ဆုပေးပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆို



**တောင်ငူ ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းက အမှာစကားပြောကြားပြီး ကွန်ပျူတာတက္ကသိုလ် (တောင်ငူ)မှ ပါမောက္ခချုပ် ဒေါက်တာအိအိလှိုင်က မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ တာဝန်ရှိသူများက သင်တန်းအသီးသီးမှ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက ဗုဒ္ဓပူဇနိယ ဆီမီးခွက်အက၊ အပျိုတော်နတ်ပင့်အက၊ စည်းလုံးခြင်း၊ ဦးရွှေရိုး-ဒေါ်မိုး၊ အလှကမ္ဘာမြေ၊ ရှန်းတော်လွှတ်တော်၊ မင်္ဂလာပါမြန်မာနှင့် လှမ်းခဲ့စေလို UCSTGO တက္ကသိုလ်တေးသီချင်းတို့ဖြင့် သီဆိုကပြဖျော်ဖြေကြကြောင်း သိရသည်။

ဇော်ကိုကို (တောင်ငူ)

## အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းအမှုဆောင်သစ် ရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သတင်းစာဆရာအသင်း မြို့နယ် စုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းတို့က အမှာစကားပြောကြားသည်။ မြို့နယ်သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ- တောင်တွင်းကြီး) က ရွေးချယ်ခံရသော အမှုဆောင်သစ်များအနေဖြင့် အသင်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စတုတ္ထမဏ္ဍိုင်အဖြစ် ခိုင်မာစွာ ရပ်တည် ဆောင်ရွက်ကြရန် ပြောကြားသည်။ ထို့နောက်



မြို့နယ်သတင်းစာဆရာအသင်း ပြန်လည်ရွေးချယ်ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ ဦးမြင့်ဦး (မြင့်ဦး-အင်းစိန်)၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းခိုင်(ဖိုးတုတ်)၊ အတွင်းရေးမှူး ဦးစိုးဝင်းမောင် (ရွှေတိုက်စိုး)၊ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်အေး (ကွန်ဖူး-ခင်မောင်အေး)၊ ဘဏ္ဍာရေးမှူး ဦးမင်းမင်းဇော် (မင်းမင်း-အင်းစိန်)၊ စာရင်းစစ် ကိုဖြိုးစည်သူ (အင်းစိန်) အမှုဆောင်များအဖြစ် ဒေါ်အေးအေးသင်း (ရွှေဘုတ်-အင်းစိန်)နှင့် ဦးဖွဲ့ထက်ကို (ဖွဲ့ထက်ကို)တို့ကို ရွေးချယ်ပြီး အသင်းအမှုဆောင်သစ် ဥက္ကဋ္ဌ ဦးမြင့်ဦး (မြင့်ဦး- အင်းစိန်)က မိတ်ဆက်စကား ပြောကြားကြောင်း သိရသည်။

ဉာဏ်လင်း

## သထုံမြို့နယ်၌ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

**သထုံ ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းတို့ကို ဒီဇင်ဘာ ၂၃ ရက်က သထုံခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်သည်။

ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့်အဖွဲ့ဝင်များက ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ဝင်းဇော် ဦးဆောင်သည့် အထူးကု ဆရာဝန်ကြီးများ၊ သမားတော်များ၊ ခွဲစိတ်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆန်ကုန်သည်ကြီးများ အသင်း၊ ဆီကုန်သည်ကြီးများအသင်းနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ အသားငါး၊ ဟင်းသီးဟင်းရွက် စသည့် အခြေခံစားသောက်ကုန်များကို ရောင်းချပေးခြင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်



**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၆) ရပ်ကွက် ပြည်ထောင်စုလမ်းနှင့် အမှတ်(၄၈)ရပ်ကွက် နဝဒေးလမ်းအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်နှင့် မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဒီဇင်ဘာ ၂၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်သည့် ပူးပေါင်းအဖွဲ့ဝင်များ က အိမ်ခြေ ၁၂၀ ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ(ဒဂုံမြောက်)

## ကော့မှူး၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော



**ကော့မှူး ဒီဇင်ဘာ ၂၅**

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် တွံတေးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါ်သင်းသင်းအေးက ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြစ်သည့် အရည်ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ ခန္ဓာကိုယ်အတွင်းရေနှင့် ဓာတ်ဆားများ လျင်မြန်စွာဆုံးရှုံး၍ အင်အားကုန်ခန်းခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းနှင့် ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်နိုင်သည့်နည်းလမ်းများ၊ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး လိုက်နာရှောင်ကြဉ်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုမျိုးထိုက်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများက စားသောက်ဆိုင်များ သန့်ရှင်းသပ်ရပ်စွာရောင်းချမှု ရှိ မရှိကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကျော်သူရ (ကော့မှူး)

## တာချီလိတ်မြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**တာချီလိတ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဝမ်ကောင်း မြို့မဈေး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့်မီးဘေးလုံခြုံရေး အတွက် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းကို မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေး ဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၃ ရက်က ဝမ်ကောင်း မြို့မဈေးအတွင်း ပြုလုပ်သည်။



ဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး ဦးလှမင်းက မီးသတ်ပစ္စည်းများ ကိုင်တွယ် အသုံးပြုနည်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြကာ စည်ပင်သာယာရေးဌာနဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများက ဆီမီးငြိမ်းသတ်ခြင်း၊ ဂက်စ်အိုး မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်နှင့် မီးသတ်စက်များဖြင့် ရေပက်ဖျန်းပြီး မီးငြိမ်းသတ်မှုများကို လက်တွေ့လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဈေးသူ ဈေးသားများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ကျော်ဇေယျာလင်း(ပြန်/ဆက်)

**ဇီဝမျိုးစုံ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## နွားထိုးကြီးမြို့နယ် မြိုင်သာရွာနှင့် ဒေါင့်ဘိုးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် နှစ်ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မြိုင်သာရွာနှင့် ဒေါင့်ဘိုးရွာကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် နှစ်ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ပြည်သူတစ်ဦးသေဆုံးခဲ့ကြောင်း တရားမဝင်




ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းကျေးရွာများအတွင်း ပြည်သူများအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့်ကျေးရွာများကို ဒရုန်းဖြင့်ဗုံးကြဲခြင်း၊ လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မိုးညှင်းနှင့် လွိုင်လင်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီတွင် မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် သန်းစိုးအောင် မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မမေဇင်ဝင်း မောင်းနှင်ပြီး မသက်သက်မာ လိုက်ပါလာသည့် ဆိုင်ကယ်တို့ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ ဘိန်းဖြူ ၁ ဒသမ ၅၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၈၂၀ နှင့် ဘိန်းစိမ်း ၁ ကီလိုကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် တောင်နောက်ကျေးရွာအုပ်စု ဟိုတင်ကျေးရွာအနီးတွင် ကျော်စွာဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်





သန်းစိုးအောင်၊ မမေဇင်ဝင်းနှင့် မသက်သက်မာတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ဌာနဆိုင်ရာအကြီးအကဲများ၏ တံဆိပ်တုံးအတုနှင့် စာရွက်စာတမ်းအတုများ ကိုင်ဆောင်သူများအား ပြစ်မှုပြစ်ဒဏ်များချမှတ်

ရန်ကုန် ဒီဇင်ဘာ ၂၅

ဌာနဆိုင်ရာ တံဆိပ်ဝိုင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၏ တံဆိပ်တုံးအတုများနှင့် စာရွက်စာတမ်းအတုများ ကိုင်ဆောင်သူနှင့် အပေါင်းအပါများအား အလုံခရိုင်တရားရုံးမှ ဒီဇင်ဘာ ၂၃ ရက်တွင် ပြစ်မှု၊ ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နေ သိန်းမိုးထိုက်(ဘ)ဦးဝင်းသိန်းအား ဌာနဆိုင်ရာ တံဆိပ်ဝိုင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၏ တံဆိပ်တုံးအတုများနှင့် စာရွက်စာတမ်းအတုများ၊ သိန်းမိုးထိုက်အမည်ပါ တရားလွှတ်တော်ရှေ့နေ စိစစ်ရေးကတ်ပြားအတုတစ်ခုတို့နှင့်အတူ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ သိန်းမိုးထိုက်နှင့် အပေါင်းအပါများအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၂၀၊ ၄၆၆၊ ၄၆၇၊ ၄၇၂/၁၁၄ တို့အရ အရေးယူပေးရန် အလုံမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ခဲ့ပြီး အလုံခရိုင်တရားရုံးသို့ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် တရားစွဲဆိုခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၄၁/၂၀၂၄ ဖြင့် လက်ခံစစ်ဆေးခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အလုံခရိုင်တရားရုံးမှ သိန်းမိုးထိုက်အား ရာဇသတ်ကြီးပုဒ်မ ၄၂၀ အရ အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်၊ ရာဇသတ်ကြီးပုဒ်မ ၄၆၆ အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်၊ ရာဇသတ်ကြီးပုဒ်မ ၄၇၂ အရ အလုပ်နှင့် ထောင်ဒဏ်ခုနစ်နှစ် သီးခြားစီကျခံစေရန်နှင့် ကောင်းစည်သူ (ဘ)ဦးဝင်းကို၊ ဆန်းလင်းဇော်(ဘ)ဦးစံမြင့်၊ နွယ်နွယ်ဝင်း (ဘ)ဦးညဏ်ခိုင်၊ နုနုခိုင်(ဘ) ဦးလှအောင်၊ ကြူကြူခိုင်(ဘ)ဦးမြင်နိုင်၊ ဇာဇာဖြိုး(ဘ)ဦးဇော်မင်း၊ ဟိန်းဗိုလ်(ဘ)ဦးကျော်စိုး၊ အေးချမ်း (ဘ) ဦးကြည်ရွှေတို့အား ရာဇသတ်ကြီးပုဒ်မ ၄၂၀/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီ၊ ရာဇသတ်ကြီးပုဒ်မ ၄၆၆/၁၁၄ အရ အလုပ်နှင့် ထောင်ဒဏ်ခုနစ်နှစ်စီ၊ ရာဇသတ်ကြီးပုဒ်မ ၄၇၂/၁၁၄ အရ အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီတို့အား သီးခြားစီကျခံစေရန် ဒီဇင်ဘာ ၂၃ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## အမရပူရမြို့နယ်၌ မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိသဖြင့် အမျိုးသားတစ်ဦး သေဆုံး

နေပြည်တော် ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ဒီဇင်ဘာ ၂၄ ရက်က မော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိသဖြင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီ မိနစ် ၅၀ တွင် အမရပူရမြို့နယ် ညောင်ပင်စောက်ကျေးရွာအနီး ၆၇ လမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ဒုတိယယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(၁၄)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ၆၇ လမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ အဆိုပါကျေးရွာနေ ဦးအောင်မျိုး(၄၃)နှစ် မောင်းနှင်လာသည့် MDY 46W/xxxxx Yinxiang ဆိုင်ကယ်နှင့် အဆိုပါလမ်းအတိုင်း တောင်ဘက်မှမြောက်ဘက်သို့ ပုသိမ်ကြီးမြို့နယ် ကွေ့ကြီးကုန်းကျေးရွာနေ ဦးဖိုးဇော်(၄၆)နှစ် မောင်းနှင်လာသည့် MDY 9F/xxxx Toyota Dyna ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ ဦးအောင်မျိုးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ပို့ဆောင်ဆေးကုသ မှုခံယူနေစဉ် သေဆုံးသွားခဲ့သဖြင့် အောင်မျိုးနှင့် ဖိုးဇော်တို့အား မြစ်ငယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပင်လောင်းနှင့် ဟိုပုံးမြို့နယ်တို့၌ ဘိန်းခင်းများ ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက်က ဘန့်ဘာကျေးရွာအုပ်စု လူဖွဲ့ခြမ်းကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာရှိ အမြင့် သုံးပေခန့်ရှိ ဘိန်းခင်း ၄၂ ဧက ခန့်အား ဖျက်ဆီးခဲ့ကြောင်း၊ အလားတူ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖက်ရမ်းကျေးရွာအုပ်စု ဖက်ရမ်းကြီးကျေးရွာ၏အရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ အမြင့် သုံးပေခန့်ရှိ ဘိန်းခင်း ၆ ဒသမ ၅ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၁၈၃၂၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၁၈၃၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သထုံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၈၉၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ သာယာဝတီခရိုင် သာယာဝတီမြို့နယ်၌ လိုင်စင်မဲ့ Toyota Alphard မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၃၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၅၈)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၁၂၇၅၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၉၁၄၀၇၂) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၄၉၇၅၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၁၆၃၈၂၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၁၅၉၇၈၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

## အငယ်တန်းချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲဗိုလ်လုပွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



အမျိုးသား အသက် ၁၉ နှစ်အောက် နှစ်ယောက်တွဲပြိုင်ပွဲယှဉ်ပြိုင်စဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၅**

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ME& GEMS အငယ်တန်းချန်ပီယံရှစ် ကြက်တောင်ပြိုင်ပွဲ (ME&GEMS BADMINTON JUNIOR CHAMPION–SHIPS –2024)သက်တန်းအလိုက် ဗိုလ်လုပွဲပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင် အားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲ၌ အမျိုးသားချန်ပီယံလုပွဲတွင် အသက် ၁၉ နှစ်အောက် နှစ်ယောက်တွဲပြိုင်ပွဲတွင် ဘုန်းထက်ဇော်+ဉာဏ်ရှိုင်းလင်းအတွဲက လာဇွီးဒီကာ+သူရိန်ကျော်အတွဲကို နှစ်ပွဲ–တစ်ပွဲဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါပြိုင်ပွဲများအပြီးတွင် အသက်ကိုးနှစ်အောက်၊ ၁၁ နှစ်အောက်၊ ၁၃ နှစ်အောက်၊ ၁၅ နှစ်အောက်၊ ၁၇ နှစ်အောက်၊ ၁၉ နှစ်အောက် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း၊ နှစ်ယောက်တွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲ ဗိုလ်လုပွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြပြီး ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသော ကစားသမားများအား မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ လမ်းမတော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ကျော်၊ UAB ၊ME & GEMS၊ SP GEMS မှတာဝန်ရှိသူများက ငွေသားဆုနှင့် ဆုတံဆိပ်များ ချီးမြှင့်ကြသည်။ ယင်းပြိုင်ပွဲ၌ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ အားကစားသမားများ၊ ကလပ်ပေါင်းစုံမှ ကစားသမားများ စုစုပေါင်း ၇၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပွဲစဉ်ပေါင်း ၄၆၅ ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**အာကာစိုး**

## 37th Junior Golf Myanmar Championship ပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Junior Golf Myanmar (JGM) ၏ (၃၇) ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ဆက်လက်၍ Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က ပြိုင်ပွဲလက်ခံကျင်းပပေးပါသော မြန်မာဂေါက်သီးရိုက် အသင်းအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးသက်ဇော်လှိုင်က လက်ခံရယူသည်။ ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်းက အသက် ၁၂ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် စုစုပေါင်း ရိုက်ချက် ၁၈၀ ဖြင့် တတိယဆုရရှိသော ရဲမင်းသန့်၊ စုစုပေါင်း ရိုက်ချက် ၁၇၇ ချက်ဖြင့် ဒုတိယဆုရရှိသော ဇာနည်ထွန်းဝင်း၊ စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် ပထမဆုရရှိသော ထူးမြတ်အောင်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းတွင် စုစုပေါင်း ရိုက်ချက် ၂၀၆ ချက်ဖြင့် တတိယဆုရရှိသော ဆုလဲ့အောင်၊ စုစုပေါင်းရိုက်ချက် ၁၇၁ ချက်ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော လက်ျာလေးဖြူအားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးသက်ဇော်လှိုင်က အသက် ၁၄ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်း ရိုက်ချက် ၁၇၁ ချက်ဖြင့် တတိယဆုရရှိသော ထွန်းထွန်းဦး၊ စုစုပေါင်းရိုက်ချက် ၁၇၀ ဖြင့် ဒုတိယဆုရရှိသော Choi Hwan၊ စုစုပေါင်းရိုက်ချက် ၁၆၈ ချက်ဖြင့် ပထမဆုရရှိသော ကျော်သံလွင်ဟိန်းတို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။



မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ၂၀၂၄ ခုနှစ်အတွက် အသက် ၁၈ နှစ်အောက် အမျိုးသားသက်တမ်းတွင် အကောင်းဆုံးဆုရှိသော မင်းခန့်သော်အား ဆုချီးမြှင့်စဉ်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက ၁၈ နှစ်အောက်(အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် တတိယဆုရရှိသော ခန့်ဘုန်းလျှန်၊ စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် ဒုတိယဆုရရှိသော မင်းခန့်သော်၊ စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ပထမဆုရရှိသော ကောင်းထက်အားလည်းကောင်း ဆုချီးမြှင့်ပြီး ၂၀၂၄ ခုနှစ်အတွက် အသက် ၁၂ နှစ်အောက် အမျိုးသားသက်တမ်းတွင် အကောင်းဆုံးဆုရရှိသော ဇာနည်ထွန်းဝင်း၊ အသက် ၁၄ နှစ်အောက်သက်တမ်းတွင် အကောင်းဆုံးဆုရရှိသော အောင်သန်းထွဋ်၊ အသက် ၁၈ နှစ်အောက် အမျိုးသမီးသက်တမ်းတွင် အကောင်းဆုံးဆုရရှိသော ချိုသာအောင်နှင့် ၁၈ နှစ်အောက် အမျိုးသား သက်တမ်းတွင် အကောင်းဆုံးဆုရရှိသော မင်းခန့်သော်တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

37th Junior Golf Myanmar Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ နှစ်ရက်ကြာ ကျင်းပခဲ့သည်။

**ကိုညီလေး**
**ဓာတ်ပုံ–MGF**

❖ *ကျောဖုံးမှ*

မန်စီးတီးက အဲဗာတန်ကို မဖြစ်မနေနိုင်ပွဲရဖို့ ပြင်ဆင်လာမှာပါ။ အဲဗာတန်ကလည်း နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေတဲ့အပြင် တန်းဆင်းဇုန်အသင်းနဲ့လည်း ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် ခြေကုန်ထုတ်လာမှာ သေချာတယ်။ ခြေစွမ်းထက်မြက်တဲ့အသင်းထက် အဆုံးသတ်သေချာတဲ့အသင်း နိုင်ပွဲရမယ်။

**ချယ်ဆီးနဲ့ ဖူလ်ဟမ် (ည – ၉ နာရီခွဲ)**

ခြေစွမ်းထက်မြက်နေတဲ့ ချယ်ဆီးက ပြီးခဲ့တဲ့ပွဲစဉ်မှာ မထင်မှတ်ဘဲ သရေကျခဲ့လို့ ဒီပွဲစဉ်ကို ရမှတ်အပြည့်ရယူနိုင်ရေး ခြေကုန်ထုတ်လာမှာပါ။ ချယ်ဆီးက ဒီရာသီ ပရီမီယာလိဂ်မှာ စပါးအသင်းပြီးရင် တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့အသင်းဖြစ်တယ်။ နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားပြီး ခြေစွမ်းသာမန်ရှိတဲ့ ဖူလ်ဟမ်အသင်း ချယ်ဆီးကို နိုင်ဖွယ်ရာမရှိဘူး။

**နော်တင်ဟမ်ဖောရက်စ်နဲ့ စပါး (ည – ၉ နာရီခွဲ)**

ဒီရာသီမှာ အကောင်းဆုံးခြေစွမ်းပြသထားနိုင်တဲ့ နော်တင်ဟမ်နဲ့ တိုက်စစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတဲ့ စပါးတို့ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်လာမှာ သေချာတယ်။ နော်တင်ဟမ်မှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် တိုက်စစ်ကစားသမား ခရစ္စဝုဒ်ရှိပြီး လိဂ် ၁၇ ပွဲမှာ ၁၀ ဂိုး သွင်းယူထားတယ်။ စပါးအသင်းမှာ စောင့်ကြည့်ရမယ့် ကစားသမားအဖြစ် မက်ဒီဆင်ရှိပြီး လိဂ် ၁၇ ပွဲမှာ ၈ ဂိုးသွင်းယူပေးထားတယ်။

**ဝုဖ်နဲ့ မန်ယူ (နံနက် – ၁၂ နာရီ)**

ဝုဖ်က တန်းဆင်းဇုန်မှ လွတ်မြောက်ဖို့ ခြေကုန်ထုတ်လာမှာ သေချာတယ်။ မန်ယူက ခြေစွမ်းပုံမှန်မရှိဘူး။ အသင်းစွမ်းဆောင်ရည်ပိုင်း ကောင်းမွန်မှုရှိပေမယ့် အဆုံးသတ်ပိုင်း အတော်လေးအားနည်းတယ်။ ပြီးခဲ့တဲ့ ဘုန်းမောက်နဲ့ ပွဲမှာဆိုရင် ဂိုးရရှိနိုင်တဲ့အခွင့်အရေး လေးကြိမ်ရရှိခဲ့သော်ငြား လေးကြိမ်စလုံး ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းမရှိဘူး။ ဝုဖ်က ခြေစွမ်းကျဆင်းနေပေမယ့် မန်ယူကို အနိုင်ယူနိုင်စွမ်းရှိတယ်။

**လီဗာပူးနဲ့ လက်စတာ (နံနက် – ၂ နာရီခွဲ)**

အမှတ်ပေးဇယားဦးဆောင်သူ လီဗာပူးနဲ့ တန်းဆင်းဇုန်ဖိအားရှိတဲ့ လက်စတာတို့ တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိလာမှာပါ။ လီဗာပူးက ရမှတ်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ဦးတည်လာမှာဖြစ်သလို ရှုံးပွဲဆက်နေတဲ့ လက်စတာကလည်း နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ ဦးတည်လာမှာပါ။ သို့သော်ငြား လီဗာပူးအသင်းရဲ့တိုက်စစ်ကို လက်စတာအသင်း ပွဲချိန်ပြည့် ဟန့်တားဖို့ ခက်မယ်။

**အောင်ဇော်**

## မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပ

**မှော်ဘီ ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ မြို့နယ်ပညာရေးဦးစီးဌာနမှ ပြုလုပ်သော မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က မှော်ဘီမြို့နယ်အားကစားကွင်း၌ ပြုလုပ်သည်။



အခမ်းအနားတွင် မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးဝင်းစိုးက အမှာစကားပြောကြားရာတွင် မြန်မာ့အမျိုးသားဘောလုံး အားကစားအဆင့်အတန်းတိုးတက်မြှင့်မားရေးကို အထောက်အကူပြုစေရေး၊ မှော်ဘီမြို့နယ်မှ ဘောလုံးအားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အမျိုးသား ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရေး အဓိကရည်ရွယ် ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲပထမပွဲစဉ်အဖြစ် အ.ထ.က (ခွဲ) ရှမ်းကုန်းနှင့် နယ်မြေ (၄) FCအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး အဆိုပါပြိုင်ပွဲကို မြို့နယ်အတွင်းရှိ ကျောင်းများမှဘောလုံးအသင်း ၁၃ သင်း ဝင်ရောက်ယှဉ်ပြိုင်ကာ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ မှော်ဘီမြို့မဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**

**လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) ရရှိသူ၏အခွင့်အရေးများ**

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကိုအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီသက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉) ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## အများသိစေရန် ကြေညာခြင်း

ဖူးပွင့်စံကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးနိုင်သူစိုး (ဘ) ဦးမြင့်ရွှေ (၁၂/ဥကမ(နိုင်)၁၈၉၁၁၂) သည် ယခင်က အဆိုပါကုမ္ပဏီ၌ ဒါရိုက်တာရာထူးဖြင့် လုပ်ကိုင်ခဲ့သော်လည်း ကုမ္ပဏီတွင် ရှယ်ယာငွေကြေး လုံးဝထည့်ဝင်ထားခြင်းမရှိပါ။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ၌ ၃-၁၂-၂၀၂၄ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ ၎င်းအား ၁၁-၁၂-၂၀၂၄ ရက်တွင် ကုမ္ပဏီ၌ တရားဝင်ရာထူးမှ ထုတ်ပယ်လိုက်ပြီး ဖြစ်ကြောင်းနှင့်အတူ အဆိုပါကုမ္ပဏီနှင့် ၎င်းသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါ။ ၎င်းနှင့် ပတ်သက်၍ ကုမ္ပဏီမှလည်း ၎င်း၏ အရှုပ်အရှင်းများကို ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့်အတူ ၎င်းမှလည်း ကုမ္ပဏီအမည်ခံ၍ အလွဲသုံးစားပြုလုပ်မှုများရှိလာပါက ယခုတည်ဆဲဥပဒေနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းရသော်လည်းကောင်း ကုမ္ပဏီမှ တရားတစ်ထုံး စွဲဆိုသွားမည်ဖြစ်ပါကြောင်းကို အများသိစေရန်အတွက် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဝင်းကြည်
(၁၂/ရကန(နိုင်)၀၀၄၄၉၆)
CHIEF EXECUTIVE OFFICER
PHU PWINT SAN CO.,LTD.

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

